




# ပိဋကသုံးပုံပါဠိတော် မြန်မာပြန်

## စာမေးပွဲ မေးခွန်းနှင့်စံပြအဖြေများ



## အုပ်စု(၂).ဒီဃနိကာယ်

## ၁။သီလက္ခန္ဓဝဂ္ဂပါဠိ

ဗဟန်း.မဟာဝိသုဒ္ဓါရုံ

✍အရှင်သီလဝံသာလင်္ကာရ(ရေစကြို)✍

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

# ရန်ကုန်တိုင်းဒေသကြီး
# ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
# အုပ်စု (၂) သုတ္တန္တပိဋက
# သီလက္ခန် ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်၊ (၁၈. ၆. ၂၀၁၃) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁။ အယူအဆမတူသော ဆရာ၊ တပည့်တို့၏ အမည်နှင့် ဗြဟ္မဇာလသုတ်၏ အခြားရနိုင်သော အမည်များကိုလည်း ညွှန်ပြခဲ့ပါ။

၂။ မည်သို့သော ပုဂ္ဂိုလ်သည် သာသနာတော်၌ ကြီးပွားခြင်းသို့ ရောက်သနည်း? ဖြေဆို၍၊ အဇာတသတ်မင်း ပြန်သွား၍ မကြာမီ ဘုရားရှင် ရဟန်းတော်တို့အား မိန့်တော်မူသော စကားကိုလည်း အပိုအလိုမရှိ တိကျစွာ ဖြေဆိုခဲ့ပါ။

၃။ စကြာမင်း၏ ရတနာ (၇) ပါးနှင့် ဝိဇ္ဇာစရဏနှင့်ပြည့်စုံခြင်း၏ ပျက်စီးကြောင်းတို့တွင် ရှေ့သုံးမျိုးကိုသာ လိုရင်းမျှ ဖြေဆိုခဲ့ပါ။

၄။ သောဏဒဏ္ဍပုဏ္ဏားအား ဟောကြားသော လောက၌ အမြတ်ဆုံးတရားကို ဥပမာနှင့်တကွ ရေး၍၊ ကူဋဒန္တ ပုဏ္ဏား ယဇ်ပွဲ၌ စီရင်သော အရာများကို ဖြေဆိုခဲ့ပါ။

၅။ အမြတ်ဆုံးယဇ်ကို ဖြေဆို၍၊ မုဏ္ဍိယနှင့် ဇာလိယတို့ ဘုရားရှင်အား လျှောက်ထားသော စကားကိုလည်း ဇာလိယသုတ်အလို ဖြေဆိုခဲ့ပါ။

၆။ အဘယ်သို့သော ပုဂ္ဂိုလ်သည် သမဏအဖြစ် ဗြဟ္မဏအဖြစ်မှ ဝေးသောသူမည်ပါသနည်း? မဟာသီဟနာဒသုတ်အလို ဖြေဆို၍၊ သာသနာတော်မှတပါးသောအယူရှိသော တိတ္ထိတို့၏ ရဟန်းအဖြစ်ကို အလိုရှိလျှင် ပြုကျင့်ရမည့် လမ်းစဉ်ကိုလည်း ညွှန်ပြခဲ့ပါ။

၇။ မဖောက်မပြန် မှန်ကန်သော (ဓေကံသိကဓမ္မ)တို့ကို ရေတွက်ပြ၍၊ အတ္တဘောကိုရခြင်း (၃) မျိုးကိုလည်း အကျဉ်းအားဖြင့် ဖြေဆိုခဲ့ပါ။

၈။ အရှင်အာနန္ဒာအား ဆေးလာကပ်သော လုလင်၏ အဖေအမည်ကို ဖြေဆိုပြီး၊ သီလကြောင့် ဘေးမရှိပုံကို ဥပမာနှင့်တကွ ဖြေဆိုခဲ့ပါ။

၉။ နာဠန္ဒမြို့၏ ဂုဏ်အင်္ဂါများကို ရေတွက်ပြ၍၊ အထက်နတ်ပြည်ငါးထပ်၌ ခေါင်းဆောင်နတ်သားများ၏ အမည်ကို ဘုံဌာနနှင့်တကွ တွဲစပ်ဖော်ပြပါ။

၁၀။ အောက်ပါ ကွက်လပ်များကို မှန်ကန်အောင် ဖြည့်ပြခဲ့ပါ။

(က) လောဟိစ္စသုတ်ကို [ ] ၌ ဟောပါသည်။

(ခ) တေဝိဇ္ဇသုတ်ကို [ ] ၌ ဟောပါသည်။

တစ်ပုဒ်လျှင် (၁၀) မှတ်စီ

ရန်ကုန်တိုင်းဒေသကြီး
ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၂) သုတ္တန္တပိဋက
## သီလက္ခန် ပါဠိတော် မြန်မာပြန် အဖြေမှန်

ဓါးကိုတာခင်ခင်ရီ
ပရိယတ္တိဗေဟင်အေးရှင်း

ဓမ္မစေတမန်

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်၊ (၁၈. ၆. ၂၀၁၃) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ အမည်- သုပ္ပိယပရိဗိုဇ်၊ (သီ၊မြန်မာပြန်၊နှာ-၁) (၁-မှတ်)
ဗြဟ္မဒတ်လုလင် (သီ၊မြန်မာပြန်၊နှာ-၁) (၁-မှတ်)
အတ္တဇာလ (၂-မှတ်)
ဓမ္မဇာလ (၂-မှတ်)
ဒိဋ္ဌိဇာလ (၂-မှတ်)
အနုတ္တရသင်္ဂါမဝိဇယ (သီ၊မြန်မာပြန်၊နှာ-၄၇) (၂-မှတ်)

၂။ ကြီးပွားခြင်းသို့ရောက်သူ
(၁) အပြစ်ကို အပြစ်ဟု မြင်၍အကြောင်းအားလျော်စွာ ကုစားသောသူ။ (၂-မှတ်)
(၂) နောင်အခါ စောင့်စည်းသူ။ (၂-မှတ်)

**မိန့်တော်မူသောစကား**

ရဟန်းတို့ ဤမင်းသည် မိမိတည်ရာကို မိမိတူးဖြိုခဲ့၏၊ ရဟန်းတို့ ဤမင်းသည် မိမိကိုယ်ကို ဖျက်ဆီးခဲ့၏၊ ရဟန်းတို့ ဤမင်းသည် တရားစောင့်သော ခမည်းတော်ကို မသတ်မိပါမူ ဤမင်းအား ဤနေရာ၌ပင်လျှင် ကိလေသာမြူ အညစ်အကြေးကင်းသော တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ်သည် ဖြစ်ပေါ်ရာ၏ဟု မိန့်တော်မူ၏။

(သီ၊ပါဠိတော်မြန်မာပြန်၊နှာ-၈၉) (၆-မှတ်)

၃။ ရတနာ (၇) ပါး
၁။ စကြာရတနာ ၂။ ဆင်ရတနာ ၃။ မြင်းရတနာ ၄။ ပတ္တမြားရတနာ ၅။ မိန်းမရတနာ ၆။ သူကြွယ်ရတနာ ၇။ သားကြီးရတနာ (၁-မှတ်စီ) (၇-မှတ်)

**ပျက်စီးကြောင်း ရှေ့ (၃) ပါး**

(၁) အလိုလိုကြွေကျသော သစ်သီးကို စားသောရသေ့၏အဖြစ်
(၂) သစ်ဖု သစ်မြစ် သစ်သီးကို စားသော ရသေ့၏အဖြစ်
(၃) မီးပူဇော်ရာအိမ်ကို ဆောက်၍ မီးကိုလုပ်ကျွေးလျက် နေသော ရသေ့၏အဖြစ်။
(သီ၊ပါဠိတော်၊ပြန်၊နှာ-၁၀၅-၁၀၆) (၁-မှတ်စီ) (၃-မှတ်)

၄။ အမြတ်ဆုံးတရား ဥပမာ-
အမြတ်ဆုံးတရား သီလ ပညာ (၂-မှတ်)
ဥပမာ- လက်တစ်ဖက်ဖြင့် လက်တစ်ဖက်ကို ဆေးကြောရာသကဲ့သို့လည်းကောင်း။ ခြေတစ်ဖက်ဖြင့် ခြေတဖက်ကို ဆေးကြောရာသကဲ့သို့လည်းကောင်းတည်း။ (သီ၊ပါဠိတော်ပြန်၊နှာ၊၁၂၈) (၃-မှတ်)

**စီရင်သောအရာများ**
၁။ နွားလား ခုနစ်ရာ ၂။ နွားထီးငယ် ခုနစ်ရာ ၃။ နွားမငယ် ခုနစ်ရာ ၄။ ဆိတ်ခုနစ်ရာ ၅။ သိုးခုနစ်ရာ
(ပြန်၊နှာ-၁၃၃) (၅-မှတ်)

၅။ အာသဝက္ခယဉာဏ် (အရဟတ္တဖိုလ်ပညာ) တည်းဟူသော ယင်(နှာ-၁၅၅) (၅-မှတ်)
လျှောက်ထားပုံ
ငါ့ရှင်ဂေါတမ အသို့နည်း ထိုကိုယ်သည်ပင် အသက်၊ ထိုအသက်သည်ပင် ကိုယ်လော။ သို့မဟုတ် အသက်သည် တခြား၊ ကိုယ်သည် တခြားလောဟု လျှောက်ထား၏။ (နှာ-၁၆၉) (၅-မှတ်)

၆။ ဝေးကွာသူ
သီလ၏ ပြည့်စုံခြင်း စိတ် (သမာဓိ)၏ ပြည့်စုံခြင်း ပညာ၏ ပြည့်စုံခြင်းကို မပွားများရသေး၊ မျက်မှောက် မပြုရသေးသော သူသည် သမဏအဖြစ် ဗြာဟ္မဏအဖြစ်မှ ဝေးကွာသူ မည်ပါသည်။(သီ၊ပြန်၊နှာ-၁၇၇)(၅-မှတ်)
လမ်းစဉ်
လေးလတို့ပတ်လုံး ပရိဝါသ် (အစမ်း) ကျင့်သုံးရပါမည်။ (နှာ-၁၈၅) (၅-မှတ်)

၇။ ဇကံသိက မမွ
(၁) ဒုက္ခသစ္စာ (ဆင်းရဲခြင်း)
(၂) ဒုက္ခသမုဒယသစ္စာ (ဆင်းရဲခြင်း၏ ဖြစ်ကြောင်း)
(၃) ဒုက္ခနိရောဓသစ္စာ (ဆင်းရဲချုပ်ရာနိဗ္ဗာန်)
(၄) ဒုက္ခနိရောဓဂါမိနီ- ပဋိပဒါ
(ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်)တို့ ဖြစ်ပါသည်။
မှတ်ချက်- ပါဠိ မြန်မာကြိုက်သလို ဖြေနိုင်သည်။ (နှာ-၁၉၉) (၁-မှတ်စီ) (၄-မှတ်)

အတ္တဘောရခြင်း ၃-ပါး
(၁) ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရခြင်း။
(၂) စျာန်စိတ်ဖြင့် ပြီးသော အတ္တဘောကို ရခြင်း။
(၃) ရုပ်မရှိသော အတ္တဘောကို ရခြင်း။ (နှာ-၂၀၂) (၂-မှတ်စီ) (၆-မှတ်)

၈။ ဆေးကပ်သောလုလင်
အဖေအမည် တောဒေယျပုဏ္ဏား ဖြစ်ပါသည်။ (နှာ-၂၁၃) (၄-မှတ်)
သီလကြောင့် ဘေးမရှိပုံ ဥပမာ-
သီလနှင့် ပြည့်စုံသော ရဟန်းသည် သီလစောင့်ထိန်းခြင်းနှင့်စပ်၍ မည်သည့်အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရ။ လုလင် အဘိသိက်သွန်းပြီးသော ရန်သူကို ပယ်ပြီးသော မင်းသည် ရန်သူနှင့်စပ်၍ မည်သည့် အကြောင်းကြောင့်မျှ ဘေးကို မမြင်ရသကဲ့သို့တည်း။ (နှာ-၂၁၆) (၆-မှတ်)

၉။ နာဠန္ဒမြို့ ဂုဏ်အင်္ဂါများ
၁။ ပြည့်စုံကြွယ်ဝခြင်း၊ ၂။ စည်ပင်ဝပြောခြင်း၊ ၃။ လူဦးရေ များပြားခြင်း၊ ၄။ လူအသွားအလာ ထူထပ်ခြင်း၊ ၅။ မြတ်စွာဘုရား၌ အလွန်ကြည်ညိုခြင်း။ (နှာ-၂၃၃) (၁-မှတ်စီ) (၅-မှတ်)

နတ်သားနှင့် ဘုံများ
(၁) တာဝတိံသာဘုံ၊ သိကြားမင်း
(၂) ယာမာနတ်ဘုံ၊ သုယာမနတ်သား
(၃) တုသိတာနတ်ဘုံ၊ သန္တုသိတနတ်သား
(၄) နိမ္မာနရတိနတ်ဘုံ၊ သုနိမ္မိတနတ်သား
(၅) ပရနိမ္မိတဝသဝတ္တိနတ်ဘုံ၊ ဝသဝတ္တိနတ်သား။ (နှာ-၂၃၈) (၁-မှတ်စီ) (၅-မှတ်)

၁၀။ (က) လောဟိစ္စသုတ်ကို (သာလဝတိကာရွာ)၌ ဟောပါသည်။
(ခ) တေဝိဇ္ဇသုတ်ကို (မနသာကဋရွာ၏ မြောက်ဘက် အစိရဝတီမြစ်ကမ်းနား သရက်တော)၌ ဟောပါသည်။
(က) (နှာ-၂၄၃) (ခ) (နှာ-၂၅၃) (၅-မှတ်စီ)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၂) သုတ္တန္တပိဋက
## သီလက္ခန် ပါဠိတော် မြန်မာပြန်

၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၁) ရက်၊ (၂၉. ၅. ၂၀၁၄) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

### မေးခွန်းနှင့် အဖြေ

၁။ ရတနာသုံးပါး၏ အပြစ်ကို ဖြစ်စေ၊ ဂုဏ်ကိုဖြစ်စေ ပြောကြလျှင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် အန္တရာယ်ကင်းအောင် ကျင့်သုံးနေထိုင်နည်းတို့ကို ဖော်ပြ၍၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်၏ အစွမ်းသတ္တိကိုလည်း ဖြေပါ။

ဖြေ။ ရဟန်းတို့ သူတစ်ပါးတို့သည် ငါ၏ အပြစ်ကိုဖြစ်စေ တရား၏ အပြစ်ကိုဖြစ်စေ သံဃာ၏အပြစ်ကို ဖြစ်စေ ပြောကြလျှင် ထို (ပြောကြရာ) ၌ သင်တို့သည် ရန်ငြိုးထားခြင်း နှလုံးမသာခြင်း စိတ်မကျေချမ်းခြင်း မဖြစ်စေသင့်။

(ပါ-နှာ-၃၊မြန်၊၃။) (၃-မှတ်)

ရဟန်းတို့ သူတစ်ပါးတို့သည် ငါ၏ဂုဏ်ကိုဖြစ်စေ တရား၏ဂုဏ်ကိုဖြစ်စေ သံဃာ၏ဂုဏ်ကိုဖြစ်စေ ပြောကြလျှင် ထို (ပြောကြရာ) ၌ သင်တို့သည် နှစ်သက်ခြင်း ဝမ်းသာခြင်း စိတ်တက်ကြွခြင်း မဖြစ်စေသင့်။

(ပါ-နှာ-၃၊မြန်၊၃။) (၃-မှတ်)

တစ်ဘဝကို လည်းကောင်း၊ နှစ်ဘဝတို့ကို လည်းကောင်း၊ သုံးဘဝတို့ကို လည်းကောင်း၊ လေးဘဝတို့ကို လည်းကောင်း၊ ငါးဘဝတို့ကို လည်းကောင်း၊ ဆယ်ဘဝတို့ကို လည်းကောင်း၊ ဘဝနှစ်ဆယ်တို့ကိုလည်းကောင်း၊ ဘဝသုံးဆယ်တို့ကို လည်းကောင်း၊ ဘဝလေးဆယ်တို့ကို လည်းကောင်း၊ ဘဝငါးဆယ်တို့ကို လည်းကောင်း၊ ဘဝတစ်ရာကို လည်းကောင်း၊ ဘဝတစ်ထောင်ကို လည်းကောင်း၊ ဘဝတစ်သိန်းကိုလည်းကောင်း၊ ဘဝရာပေါင်းများစွာတို့ကို လည်းကောင်း၊ ဘဝထောင်ပေါင်းများစွာတို့ကိုလည်းကောင်း၊ ဘဝသိန်းပေါင်းများစွာတို့ကိုလည်းကောင်း 'ထို (ဘဝ) ၌ (ငါ) သည် ဤသို့သော အမည် ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်း ရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သောချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို (ငါ) သည် ထို (ဘဝ) မှသေခဲ့၍ ထို (ဘဝ) ၌ ဖြစ်ပြန်ခဲ့၏၊ ထို (ဘဝ) ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို (ငါ) သည် ထို (ဘဝ) မှ သေခဲ့၍ ဤ (ဘဝ) ၌ ဖြစ်ပြန်ခဲ့၏' ဟု အခြင်းအရာနှင့်တကွညွှန်ပြဖွယ် (အမည် အနွယ်) နှင့်တကွ များပြားသော ရှေး၌ နေဖူးသောဘဝကို အောက်မေ့ နိုင်၏။

(ပါ-နှာ-၁၂၊မြန်၊၁၂။) (၄-မှတ်)

## မေးခွန်းနှင့် အဖြေ

၂။ မြတ်စွာဘုရားနှင့်ခေတ်ပြိုင် ဆရာကြီး အဇိတကေသကမ္ဗလ၏ ဝါဒကို ကုန်စင်အောင် ဖော်ပြ၍၊ အသာလွန် အမွန်မြတ်ဆုံး နောက်ဆုံးရဟန်းဖြစ်ရကျိုးကိုသာ ပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ "မင်းကြီး ပေးလှူခြင်းသည် မရှိ ယဇ်ပူဇော်ခြင်းသည် မရှိဟုံးပူဇော်ခြင်းသည် မရှိ ကောင်းမှုမကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ ဤလောကသည် မရှိ တစ်ပါးသော လောကသည် မရှိ အမိသည် မရှိ အဖသည် မရှိ သေ၍ တစ်ဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုလည်းကောင်း၊ တစ်ပါးသော လောကကို လည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သောကောင်းသော အကျင့် ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်၊ ဤသတ္တဝါသည်မဟာဘုတ် လေးပါး အစုအဝေး ဖြစ်၏၊ သေသောအခါ မြေဓာတ်သည် မြေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏၊ ရေဓာတ်သည် ရေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏၊ မီးဓာတ်သည် မီးဓာတ်အစုသို့ဆိုက်၏၊ ရောက်၏၊ လေဓာတ်သည် လေဓာတ်အစုသို့ဆိုက်၏၊ ရောက်၏၊ နာမ်က္ခန္ဓာတို့သည် ကောင်းကင်သို့ ပြောင်းရွှေ့ကုန်၏၊ ညောင်စောင်းလျှင် ငါးခုမြောက်ဖြစ်သော ယောကျ်ားတို့သည်သူသေကောင်ကို ယူ၍သွားကုန်၏၊ သင်းချိုင်းတိုင်အောင် သူသေကောင်တို့သည် ထင်ကုန်၏၊ အရိုးတို့သည် ခိုအဆင်းကဲ့သို့ဖြစ်ကုန်၏၊ အလှူတို့သည် ပြာအဆုံးရှိကုန်၏၊ အလှူပေးခြင်းကိုလူမိုက်တို့က ပညတ်ထား၏၊ အချို့သူတို့သည် (ပေးလှူခြင်းစသည်) ရှိ၏ ဟူသော ဝါဒကို ဟောပြောကုန်၏၊ ထိုသူတို့၏ စကားသည်အချည်းနှီး ဖြစ်၏၊ မှားယွင်း၏၊ ယောင်ယမ်းပြောဆို သောစကားဖြစ်၏၊ လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေခန္ဓာကိုယ် ပျက်စီးလျှင် ပြတ်စဲကုန်၏၊ ပျက်စီး ကုန်၏၊ သေသည်မှ နောက်၌ မရှိကုန်" ဟု ပြောဆိုပါသည်။ (ပါ-နှာ-၅၁-၅၂၊မြန်၅၇-၅၈။) (၅-မှတ်)

မင်းကြီး ဤအတူ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော်ညစ်ကြေး မရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို (ရဟန်း) သည် အာသဝတို့ကိုကုန်စေသော 'အာသဝက္ခယ' ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထို (ရဟန်း)သည် ဤကား ဆင်းရဲဟုဟုတ်မှန်သော အတိုင်း သိ၏၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းဟုဟုတ်မှန်သော အတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်'ဟုဟုတ်မှန်သော အတိုင်း သိ၏၊ ဤကားဆင်းရဲချုပ်ရာ 'နိဗ္ဗာန်' သို့ ရောက်ကြောင်း အကျင့်ဟုဟုတ်မှန်သော အတိုင်း သိ၏၊ ဤသည်တို့ကားအာသဝတို့ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤကား အာသဝတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်းဟုဟုတ်မှန်သော အတိုင်း သိ၏၊ ဤကား အာသဝတို့ ချုပ်ရာ 'နိဗ္ဗာန်'ဟုဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ချုပ်ရာ 'နိဗ္ဗာန်' သို့ ရောက်ကြောင်း အကျင့်ဟုဟုတ်မှန်သောအတိုင်း သိ၏၊ ဤသို့သိသော ဤသို့ မြင်သော ထို (ရဟန်း)၏ စိတ်သည် ကာမာသဝမှလည်းလွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် လွတ်မြောက်လေပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော

အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်) ကိစ္စအလို့ငှါ တစ်ပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟန်း ဖြစ်ကျိုးတို့ထက် သာ၍နှစ်သက်ဖွယ်လည်း ဖြစ်သော သာ၍ မွန်မြတ်သည်လည်း ဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုး ပေတည်း။

မင်းကြီး (နောက်ဆုံးဖြစ်သော) ဤကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးထက် သာ၍ လွန်ကဲသည်လည်း ဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော တစ်ပါးသော ကိုယ်တိုင် သိမြင်ရသောရဟန်း ဖြစ်ကျိုးသည်ကား မရှိတော့ပြီ ဟု ဟောတော်မူ၏။ (ပါ-နှာ-၇၉-၈၀။မြန်၊၈၈။) (၅-မှတ်)

၃။ အနှိုင်းမဲ့အသိဉာဏ်အကျင့်နှင့် ပြည့်စုံမှုကို မျက်မှောက်ပြုနိုင်ရန်၊ ပယ်ရမည့် အစွဲအလန်းတို့ကား အဘယ်နည်း ဖြေ၍၊ ဘုရားရှင်သည် ပေါက္ခရသာတိ ပုဏ္ဏားအား ဟောတော်မူသော ဒေသနာအစဉ်ကိုလည်း ဖော်ပြပါ။

ဖြေ။ အမ္ဗဋ္ဌ ဇာတ် ကို စွဲ၍ ဖြစ်သော စကား၌ စွဲလမ်းခြင်းကို လည်းကောင်း၊ အနွယ်ကို စွဲ၍ဖြစ်သော စကား၌ စွဲလမ်းခြင်းကို လည်းကောင်း၊ မာန်ကို စွဲ၍ ဖြစ်သော စကား၌ စွဲလမ်းခြင်းကို လည်းကောင်း၊ သမီးဆောင်ယူ၍ ထိမ်းမြားခြင်း သမီးပေး၍ ထိမ်းမြားခြင်း၌ စွဲလမ်းခြင်းကို လည်းကောင်းပယ်မှသာလျှင် အတုမရှိသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံမှုကို မျက်မှောက်ပြုနိုင်၏။ (ပါ-နှာ-၉၃။မြန်၊၁၀၄။) (၅-မှတ်)

"ဒါနနှင့်စပ်သော စကားကို လည်းကောင်း၊ သီလနှင့်စပ်သော စကားကိုလည်းကောင်း၊ နတ်ပြည်နှင့်စပ်သော စကားကို လည်းကောင်း၊ ကာမဂုဏ်တို့၏ အပြစ်ကိုလည်းကောင်း၊ ယုတ်ညံ့ခြင်းကိုလည်းကောင်း ညစ်ညူးခြင်းကို လည်းကောင်း (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးကို လည်းကောင်း ပြတော်မူ၏။

(ပါ-နှာ-၁၀၂။မြန်၊၁၁၃။) (၅-မှတ်)

## မေးခွန်းနှင့် အဖြေ

၄။“အရှင်ဂေါတမ ငါးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏားဟု ပညတ်ပါကုန်၏”ဟူ၍ လျှောက်စကား၌ ငါးပါးသရုပ်ကို ဖော်ထုတ်လျက်၊ အရင်းနည်း၍ အမြတ်များသော အလှူဒါနမျိုး ရှိပါသလား? ပုံစံထုတ်၍ ဖြေပြပါ။

ဖြေ။ (၁) အသျှင်ဂေါတမ ဤလောက၌ ပုဏ္ဏားသည် အမိဘက် အဖဘက် နှစ်ဖက်စလုံးတို့မှကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့်အပယ်မခံရ အကဲ့ရဲ့မခံရ။

(၂) ဝေဒကျမ်းလာဂါထာတို့ကို ရွတ်ဆိုတတ်၏၊ ဝေဒကျမ်းတို့ကို ဆောင်၏၊ အဘိဓာန် ‘နိဃဏ္ဍု’ကျမ်း၊ အလင်္ကာ ‘ကေဋုဘကျမ်း’၊ သဒ္ဒါ ‘အက္ခရပ္ပဘေဒ’ ကျမ်း၊ ငါးခုမြောက် ဣတိဟာသကျမ်းနှင့်တကွဗေဒင်သုံးပုံတို့၏ တစ်ဖက်ကမ်းသို့ ရောက်၏၊ ပဒကျမ်းကို တတ်၏၊ ဗျာကရုဏ်းကျမ်းကို တတ်၏၊ လောကာယတကျမ်း၊ မဟာပုရိသ လက္ခဏာကျမ်းတို့၌ အကြွင်းမဲ့တတ်မြောက်၏။

(၃) အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ မြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊ ဗြဟ္မာနှင့်တူသောအဆင်းရှိ၏၊ ဗြဟ္မာနှင့်တူသော ကိုယ်ရှိ၏၊ ခံ့ညားသော ကိုယ်ခန္ဓာရှိ၏။

(၄) သီလရှိ၏၊ ကြီးပွားသော သီလလည်း ရှိ၏၊ ကြီးပွားသော သီလနှင့်လည်း ပြည့်စုံ၏။

(၅) ပညာရှိ၏၊ ထက်မြက်သောဉာဏ်လည်း ရှိ၏၊ ယဇ်ယောက်မကိုင်သော သူတို့တွင် ပဌမသော်လည်းကောင်း ဒုတိယသော်လည်းကောင်း ဖြစ်၏။ (ပါ-နှာ-၁၁၃၊မြန်-၁၂၄-၁၂၅။) (၅-မှတ်)

ပုဏ္ဏား သီလရှိသော ရဟန်းတို့အား ရည်ညွှန်း၍ အမြဲတမ်းလှူနေသော မျိုးရိုးစဉ်ဆက် ယဇ်(အလှူ) တို့သည် ရှိကုန်၏၊ ပုဏ္ဏား ဤ (ယဇ်အလှူ) သည် သုံးပါးသောစိတ်ထားနှင့်တစ်ဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ယင်းယဇ်ထက် သာ၍နည်းသော ကိစ္စလည်းရှိ၏၊ သာ၍နည်းသော အားထုတ်ရမှုလည်း ရှိ၏၊ သာ၍ များသော အကျိုးလည်း ရှိ၏၊ သာ၍များသောအာနိသင်လည်းရှိ၏။

ပုဏ္ဏား အကြင်သူသည် အရပ်လေးမျက်နှာ၌ ရှိသော သံဃာကို ရည်ညွှန်း၍ ကျောင်းဆောက်၏၊ ပုဏ္ဏား (ထိုသူ၏) ဤယဇ် (ကျောင်းအလှူ) သည် သုံးပါးသော စိတ်ထားနှင့် တစ်ဆယ့်ခြောက်ပါးသော အရံအတား ရှိသည့် ပြည့်စုံသော ဤယဇ်ထက်လည်းကောင်း၊ အမြဲတမ်းအလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက်ယဇ် (အလှူ) ထက်လည်းကောင်း သာ၍နည်းသော ကိစ္စလည်း ရှိ၏၊ သာ၍နည်းသော အားထုတ်ရမှုလည်း ရှိ၏၊ သာ၍များသော အကျိုးလည်း ရှိ၏၊ သာ၍များသော အာနိသင်လည်း ရှိ၏။

(ပါ-နှာ-၁၃၇၊မြန်-၁၅၂-၁၅၃။) (၅-မှတ်)

## မေးခွန်းနှင့် အဖြေ

၅။ ဤသာသနာတော်၌ အကြားအမြင်ရခြင်း၏ အကြောင်းတရားကို တိကျစွာ ဖော်ပြ၍၊ ဇာလိယသုတ္တန် ဟောတော်မူရာဌာန, ပုဂ္ဂလနှင့် အမေးပုစ္ဆာတို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ထို (မြင်ခြင်း ကြားခြင်း) သည် အဘယ်ကြောင့်နည်း၊ မဟာလိ ရဟန်းသည် အထက် အောက်ဖီလာ အရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ်ဖြစ်ကုန်သော နတ်လောကမှအဆင်း 'ရူပါရုံ' တို့ကို မြင်ရန်လည်းကောင်း၊ အသံ 'သဒ္ဒါရုံ' တို့ကို ကြားရန်လည်းကောင်း နှစ်ဖို့စလုံးအတွက် တည်ကြည်မှု 'သမာဓိ' ကို ပွါးများသောကြောင့်ပင် ဖြစ်ချေသည်။ (ပါ-နှာ-၁၄၇၊မြန်၊၁၆၄။) (၅-မှတ်)

ကောသမ္ဗီပြည်အနီး ဃောသိတာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ (ပါ-နှာ-၁၅၁၊မြန်၊၁၆၉။) (၁-မှတ်)

မုဏ္ဍိယ (ပရိဗိုဇ်) နှင့် ဒါရုပတ္တိက၏တပည့် ဇာလိယ (ပရိဗိုဇ်) ဟူသော ရဟန်းနှစ်ဦး။

(ပါ-နှာ-၁၅၁၊မြန်၊၁၆၉။) (၂-မှတ်)

"ငါ့သျှင်ဂေါတမ အသို့နည်း၊ ထို (ကိုယ်) သည်ပင် အသက်, ထို (အသက်) သည်ပင် ကိုယ်လော၊ သို့မဟုတ် အသက်သည် တခြား, ကိုယ်သည် တခြားလော" ဟု လျှောက်ကုန်၏။ (ပါ-နှာ-၁၅၁၊မြန်၊၁၆၉။) (၂-မှတ်)

၆။သားသတ်လွတ် စားရုံသက်သက်မျှဖြင့် ရဟန်းအလုပ်ကို အားထုတ်နေသူဟု မှတ်ယူထိုက်ပါသလော၊ အကြောင်းပြဖြေဆို၍၊ အဘယ်ရဟန်းမျိုးကို သမဏအစစ်ဟူ၍ ဆိုနိုင်ပါသနည်း။ ဖြေပြပါ။

ဖြေ။ ကဿပ ဟင်းရွက်စိမ်းကို စားနေစေကာမူ ပြောင်းဆန်ကို စားနေစေကာမူ။ပ။ တောသစ်မြစ်သစ်သီးကို စားလျက် မျှတစေကာမူ ကြွေကျသော သစ်သီးကို စားလျက် မျှတစေကာမူ ထို (သမဏဗြာဟ္မဏ) သည် ဤသီလ၏ ပြည့်စုံခြင်း၊ စိတ် (သမာဓိ)၏ ပြည့်စုံခြင်း၊ ပညာ၏ ပြည့်စုံခြင်းကို မပွါးများရသေး မျက်မှောက်မပြုရသေးသည်ရှိသော် စင်စစ်အားဖြင့် သမဏအလုပ်မှ ဝေးသည်သာတည်း၊ ဗြာဟ္မဏ အလုပ်မှ ဝေးသည် သာတည်း။ (ပါ-နှာ-၁၅၈၊မြန်၊၁၇၇။) (၅-မှတ်)

ကဿပ အကြင်ရဟန်းသည် ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာစိတ်ကို ပွါးများ၏၊ အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝမရှိသော လွတ်မြောက်သော(အရဟတ္တဖိုလ်) စိတ်နှင့်လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့်ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ ကဿပ ဤရဟန်းကို သမဏဟူ၍လည်းကောင်း ဗြာဟ္မဏဟူ၍ လည်းကောင်း ဆိုအပ်ပေ၏။

(ပါ-နှာ-၁၅၈၊မြန်၊၁၇၇။) (၅-မှတ်)

## မေးခွန်းနှင့် အဖြေ

၇။ မြတ်စွာဘုရား၏ အစေလက ကဿပအား မိန့်မြွက်တော်မူသော ရဲရဲတောက် စကားတို့ကို ပြည့်စုံအောင် ရေးသား ဖြေဆိုပါ။

ဖြေ။ ကဿပ သီလကို ချီးကျူးပြောဆိုကုန်သော အချို့သောသမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထို (သမဏဗြာဟ္မဏ) တို့သည် များစွာသော အကြောင်းဖြင့် သီလ၏ဂုဏ် (ကျေးဇူး) ကို ဆိုကုန်၏၊ ကဿပ ဖြူစင်မွန်မြတ်သော သီလသည် အကြင်မျှလောက် ရှိ၏၊ ထို (ရှိသမျှသော ဖြူစင်မွန်မြတ်သောသီလ) အရာ၌ ငါသည် မိမိနှင့် တူမျှသူကိုပင် မမြင်ချေ၊ မိမိထက် လွန်ကဲသူကိုမူကား အဘယ်မှာမြင်ချေ အံ့နည်း၊ စင်စစ်မူကား လွန်မြတ်သောသီလ 'အဓိသီလ' အရာ၌ ငါသည်သာ အသာလွန်ဆုံးဖြစ်ပေ၏။

ကဿပ အားထုတ်လုံ့လဖြင့် မကောင်းမှုပယ်ခြင်းကို ချီးကျူး ပြောဆိုကုန်သော အချို့သောသမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထို (သမဏဗြာဟ္မဏ) တို့သည် အားထုတ်လုံ့လဖြင့် မကောင်းမှုပယ်ခြင်း၏ဂုဏ် (ကျေးဇူး) ကို များစွာသော အကြောင်းဖြင့် ဆိုကုန်၏၊ ကဿပ ဖြူစင်မွန်မြတ်သောအားထုတ်လုံ့လဖြင့် မကောင်းမှုပယ်ခြင်းတို့သည် အကြင်မျှလောက် ရှိကုန်၏၊ ထို (ရှိသမျှသောဖြူစင်မွန်မြတ်သော အားထုတ်လုံ့လဖြင့် မကောင်းမှုပယ်ခြင်း) အရာ၌ ငါသည် မိမိနှင့် တူမျှသူကိုပင်မမြင်ချေ၊ မိမိထက် လွန်ကဲသူကိုမူကား အဘယ်မှာ မြင်ချေအံ့နည်း၊ စင်စစ်မူကား လွန်မြတ်သောအားထုတ် လုံ့လဖြင့် မကောင်းမှုပယ်ခြင်း 'အဓိဇေဂုစ္ဆ' အရာ၌ ငါသည်သာ အသာလွန်ဆုံး ဖြစ်ပေ၏။

ကဿပ ပညာကို ချီးကျူး ပြောဆိုကုန်သော အချို့သောသမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထို(သမဏဗြာဟ္မဏ) တို့သည် များစွာသော အကြောင်းဖြင့် ပညာ၏ဂုဏ် (ကျေးဇူး) ကို ဆိုကုန်၏၊ ကဿပ ဖြူစင်မွန်မြတ်သော ပညာသည် အကြင်မျှလောက် ရှိ၏၊ ထို (ရှိသမျှသော ဖြူစင်မွန်မြတ်သောပညာ) အရာ၌ ငါသည် မိမိနှင့် တူမျှသူကိုပင် မမြင်ချေ၊ မိမိထက် လွန်ကဲသူကိုမူကား အဘယ်မှာမြင်ချေ အံ့နည်း၊ စင်စစ်မူကား လွန်မြတ်သော ပညာ 'အဓိပညာ' အရာ၌ ငါသည်သာ အသာလွန်ဆုံးဖြစ်ပေ၏။ ကဿပ (ကိလေသာတို့မှ) လွတ်မြောက်ခြင်းကို ချီးကျူးပြောဆိုကုန်သော အချို့သောသမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထို (သမဏဗြာဟ္မဏ) တို့သည် များစွာသော အကြောင်းဖြင့်(ကိလေသာတို့မှ) လွတ်မြောက်ခြင်း၏ ဂုဏ် (ကျေးဇူး) ကို ဆိုကုန်၏၊ ကဿပ ဖြူစင်မွန်မြတ်သော(ကိလေသာတို့မှ) လွတ်မြောက်ခြင်းသည် အကြင်မျှလောက် ရှိ၏၊ ထို (ရှိသမျှသော ဖြူစင်မွန်မြတ်သောကိလေသာတို့မှလွတ်မြောက်ခြင်း) အရာ၌ ငါသည် မိမိနှင့် တူမျှသူကိုပင် မမြင်ချေ၊ မိမိထက် လွန်ကဲသူကိုမူကားအဘယ်မှာ မြင်ချေအံ့နည်း၊ စင်စစ်မူကား လွန်မြတ်သော (ကိလေသာတို့မှ) လွတ်မြောက်ခြင်း 'အဓိဝိမုတ္တ' အရာ၌ ငါသည်သာ အသာလွန်ဆုံးဖြစ် ပေ၏။

(ပါ-နှာ-၁၆၃-၁၆၄၊မြန်၊၁၈၂-၁၈၃။) (၁၀-မှတ်)

•••••••••••••••••••••••••••••••••••••••••••••••••••••••

## မေးခွန်းနှင့် အဖြေ

၈။ ဧကန် နိဗ္ဗာန်ရောက်ကြောင်း မဟုတ်သော တရားနှင့် ဧကန် နိဗ္ဗာန်ရောက်ကြောင်း တရားတို့၏ ကွဲပြားခြားနားချက်တို့ကို ဖြေဆို၍၊ အတ္တဘောရခြင်း သုံးမျိုးတို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ပေါဋ္ဌပါဒ ထို(တရား) တို့သည် အကျိုးစီးပွားနှင့် မစပ်ကုန်၊ (လောကုတ္တရာ) တရားနှင့် မစပ်ကုန်၊ အကျင့်မြတ်၏ အစမျှပင် မဟုတ်ကုန်၊ ငြီးငွေ့ရန်အလို့ငှါ မဖြစ်ကုန်၊ တပ်မက်ခြင်း ကင်းရန်အလို့ငှါမဖြစ်ကုန်၊ (ဝဋ်ဆင်းရဲ) ချုပ်ရန်အလို့ငှါ မဖြစ်ကုန်၊ (ကိလေသာ) ငြိမ်းရန်အလို့ငှါ မဖြစ်ကုန်၊ ထူးသောဉာဏ်ဖြင့် သိရန် အလို့ငှါ မဖြစ်ကုန်၊ (သစ္စာလေးပါး) ကို သိရန်အလို့ငှါ မဖြစ်ကုန်၊ နိဗ္ဗာန် (ကိုမျက်မှောက်ပြုရန်) အလို့ငှါ မဖြစ်ကုန်၊ ထို့ကြောင့် ထိုတရားတို့ကို ဧကန် (နိဗ္ဗာန်ရောက်ကြောင်း) မဟုတ်သော တရားတို့ ဟု ငါသည် ဟောကြား ဖော်ပြပေ၏။

ပေါဋ္ဌပါဒ အဘယ်ကြောင့် ထိုတရားတို့ကို ဧကန် (နိဗ္ဗာန်ရောက်ကြောင်း) တရားဟု ငါသည်ဟောကြား ဖော်ပြသနည်း။ ပေါဋ္ဌပါဒ ဤတရားတို့သည် အကျိုးစီးပွားနှင့် စပ်ကုန်၏၊ (လောကုတ္တရာ) တရားနှင့် စပ်ကုန်၏၊ အကျင့်မြတ်၏ အစဖြစ်ကုန်၏၊ ငြီးငွေ့ရန် အလို့ငှါ ဖြစ်ကုန်၏၊ တပ်မက်ခြင်း ကင်းရန်အလို့ငှါဖြစ်ကုန်၏၊ (ဝဋ်ဆင်းရဲ) ချုပ်ရန်အလို့ငှါ ဖြစ်ကုန်၏၊ (ကိလေသာ) ငြိမ်းရန်အလို့ငှါ ဖြစ်ကုန်၏၊ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါ ဖြစ်ကုန်၏၊ (သစ္စာလေးပါးကို) သိရန်အလို့ငှါ ဖြစ်ကုန်၏၊ နိဗ္ဗာန်ကို(မျက်မှောက် ပြုရန်) အလို့ငှါ ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဧကန် (နိဗ္ဗာန်ရောက်ကြောင်း)တရားတို့ဟု ငါသည် ဟောကြား ဖော်ပြပေ၏။

(ပါ-နှာ-၁၇၇၊မြန်၁၉၈-၁၉၉။) (၇-မှတ်)

ပေါဋ္ဌပါဒ အတ္တဘောကို ရခြင်းတို့သည် ကြမ်းတမ်းထင်ရှားသော အတ္တဘောကိုရခြင်း၊ (ဈာန်) စိတ်ဖြင့် ပြီးသော အတ္တဘောကိုရခြင်း၊ ရုပ်မရှိသော အတ္တဘောကိုရခြင်း ဤသုံးပါးတို့တည်း။

(ပါ-နှာ-၁၈၀၊မြန်၂၀၂။) (၃-မှတ်)

## မေးခွန်းနှင့် အဖြေ

၉။ သုဘသုတ္တန်လာ ခန္ဓာသုံးပါးကို ဖော်ပြ၍၊ ဒိဗ္ဗသောတဉာဏ်သည် အဘယ်ခန္ဓာ၌ ပါဝင်သည်ကိုလည်း အဓိပ္ပါယ်နှင့်တကွ ပြည့်စုံစွာ ဖြေပါ။

ဖြေ။ အဘယ် (ခန္ဓာ) သုံးပါးတို့ကို ချီးကျူးတော်မူလေ့ရှိပါသနည်း၊ လုလင် မြတ်သော သီလက္ခန္ဓာ 'သီလအစု' ကိုလည်းကောင်း၊ မြတ်သော သမာဓိက္ခန္ဓာ 'သမာဓိအစု' ကိုလည်းကောင်း၊ မြတ်သောပညာက္ခန္ဓာ 'ပညာအစု' ကိုလည်းကောင်း ဤသုံးပါးသော ခန္ဓာတို့ကို ထိုမြတ်စွာဘုရားသည် ချီးကျူးတော်မူလေ့ ရှိ၏။

(ပါ-နှာ-၁၈၈၊မြန်၊၂၁၄။) (၃-မှတ်)

ဤသို့ တည်ကြည်သော စိတ်သည်။ပ။ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို (ရဟန်း)သည် ဒိဗ္ဗသောတဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို (ရဟန်း) သည်အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက်သာလွန်သော နတ်တို့၏ နားနှင့် တူသော 'ဒိဗ္ဗသောတ'ဉာဏ်ဖြင့် နတ်၌လည်း ဖြစ်ကုန်သော လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန်သော နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားရ၏။

လုလင် ဥပမာသော်ကား ခရီးရှည်သွားသော ယောကျာ်းသည် စည်ကြီးသံ မုရိုးစည်သံ ခရုသင်းသံထက် စည်သံ ပက်သာသံများကို ကြားရာ၏၊ ထို (ယောကျာ်း) သည် ဤသို့ သိရာ၏ -

"ဤကား စည်ကြီးသံ၊ ဤကား မုရိုးစည်သံ၊ ဤကား ခရုသင်းသံ၊ ဤကား ထက်စည်သံ၊ ဤကား ပတ်သာသံတည်း" ဟု သိရာ၏။

လုလင် ဤအတူသာလျှင် ရဟန်းသည်။ပ။

လုလင် ဤသို့ တည်ကြည်သော စိတ်သည်။ပ။ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို (ရဟန်း)သည် ဒိဗ္ဗသောတဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို (ရဟန်း) သည်အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက် သာလွန်သော နတ်တို့၏ နားနှင့် တူသော 'ဒိဗ္ဗသောတ'ဉာဏ်ဖြင့် နတ်၌လည်းဖြစ်ကုန်သော လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန်သော နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားရ၏။ ဤ (ဒိဗ္ဗသောတဉာဏ်) သည်လည်းထိုရဟန်း၏ ပညာ ပေတည်း။

(ပါ-နှာ-၂၀၀၊မြန်၊၂၂၆-၂၂၇။) (၇-မှတ်)

## မေးခွန်းနှင့် အဖြေ

၁၀။ ပြာဋိဟာ သုံးမျိုးသရုပ်ကို ရေတွက်ပြ၍၊ စောဒနာထိုက်သော ဆရာသုံးဦးတို့တွင် တတိယဆရာကိုလည်း ဖော်ပြပါ။

ဖြေ။ ကေဝဋ္ဋ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ငါဟောကြားထားသော ဤပြာဋိဟာ တို့သည် သုံးပါးရှိကုန်၏၊ သုံးပါးတို့ဟူသည် အဘယ်နည်း။

တန်ခိုး ပြာဋိဟာ 'ဣဒ္ဓိပါဋိဟာရိယ'၊

အတပ်ဟောခြင်း ပြာဋိဟာ 'အာဒေသနာပါဋိဟာရိယ' နှင့်

ဆုံးမခြင်း ပြာဋိဟာ ' အနုသာသနီပါဋိဟာရိယ' တို့ပေတည်း။ (ပါ-နှာ-၂၀၆၊မြန်၂၃၄။) (၃-မှတ်)

လောဟိစ္စ တစ်ဖန် ထို့ပြင်လည်း ဤ (လောက) ၌ အချို့သော ဆရာသည် အကြင်ရဟန်းဖြစ်ကျိုး အလို့ငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ထို ဆရာသည် ထိုရဟန်းဖြစ်ကျိုးကိုရပြီးလျှင် တပည့်တို့အား "ဤကား သင်တို့၏ အစီးအပွားအလို့ငှါ ဖြစ်၏၊ ဤကား သင်တို့၏ ချမ်းသာအလို့ငှါ ဖြစ်၏" ဟု တရားကို ဟော၏၊ ထို (ဆရာ)၏ (တရားကို) တပည့်တို့သည် မနာယူကုန်၊ နားမထောင်ကုန်၊ သိရန် စိတ်မဝင်စားကုန်၊ ဆရာ၏ အဆုံးအမမှ ဖဲခွါ၍လည်း ကျင့်ကုန်၏။

ထို (ဆရာ) ကို ဤသို့ အပြစ်တင် 'စောဒနာ' အပ်၏ -

"အသျှင်သည် အကြင်ရဟန်းဖြစ်ကျိုးအလို့ငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ သင်သည် ထိုရဟန်းဖြစ်ကျိုးကို ရပြီး၍ တပည့်တို့အား 'ဤကား သင်တို့၏ အစီးအပွား အလို့ငှါ ဖြစ်၏၊ ဤကားသင်တို့၏ ချမ်းသာအလို့ငှါ ဖြစ်၏' ဟု တရားကို ဟော၏၊ ထို (ဆရာ)၏ (တရားကို) ထိုတပည့်တို့သည်မနာယူကုန်၊ နားမထောင်ကုန်၊ သိရန်စိတ်မဝင်စားကုန်၊ ဆရာ၏ အဆုံးအမမှဖဲခွါ၍လည်း ကျင့်ကုန်၏။ဤ ဟောပြောခြင်းသည် အနှောင်အဖွဲ့အဟောင်းကို ဖြတ်၍ အခြားအနှောင်အဖွဲ့ သစ်ကို ပြုသည်နှင့် တူ၏၊ (ထို့ကြောင့်) ဤဟောပြောခြင်းကို ယုတ်မာသောလောဘတရား ဟု (ငါ) ဆို၏၊ တစ်ပါးသော သူသည့်တစ်ပါးသော သူအား အဘယ်ပြုအံ့နည်း"ဟုအပြစ်တင် အပ်၏။လောဟိစ္စ ဤသည်ကား လောက၌ အပြစ်တင် 'စောဒနာ' ထိုက်သော တတိယဆရာ ပေတည်း၊ ယင်းဆရာကို တစ်စုံတစ်ယောက်က အပြစ်တင် 'စောဒနာ' သည်ရှိသော် ထိုအပြစ်တင်'စောဒနာ' ချက်သည်ဟုတ်မှန်၍ တရားနှင့် လျော်ပေ၏၊ အပြစ်လည်း မရှိပေ။လောဟိစ္စ လောက၌အပြစ်တင် 'စောဒနာ' ထိုက်သော ဆရာသုံးဦးတို့ဟူသည် ဤသူတို့ပင်တည်း၊ ယင်းဆရာတို့ကိုတစ်စုံတစ်ယောက်က အပြစ်တင် 'စောဒနာ' သည်ရှိသော် ထိုသူ၏ ထိုအပြစ်တင် 'စောဒနာ' ချက်သည်ဟုတ်မှန်၍ တရားနှင့် လျော်ပေ၏၊ အပြစ်လည်း မရှိပေ ဟု မိန့်တော်မူ၏။

(ပါ-နှာ-၂၂၀၊မြန်၂၄၉-၂၅၀။) (၇-မှတ်)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

# ရန်ကုန်မြို့
## ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
## ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
## အုပ်စု (၂) သုတ္တန္တပိဋက
## သီလက္ခန် ပါဠိတော် မြန်မာပြန် အဖြေ

၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၆) ရက်၊ (၂၂. ၆. ၂၀၁၅) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁-မေး။ "ဒေါသရှေ့ထား မှားတတ်သည်"ဟူသော အဆိုအမိန့်အရ ယင်းကဲ့သို့ မဖြစ်ရအောင် ရတနာသုံးပါး၏ အပြစ်ကို တစ်စုံတစ်ယောက်က ပြောဆိုလာခဲ့သော် စိတ်ထားပုံထားနည်း၊ ဖြေရှင်းနည်းတို့ကို ဗုဒ္ဓအလိုကျ ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့. . . သူတစ်ပါးတို့သည် ငါ၏အပြစ်ကိုဖြစ်စေ တရားတော်၏အပြစ်ကိုဖြစ်စေ သံဃာ၏အပြစ်ကို ဖြစ်စေ၊ ပြောကြလျှင် ထိုပြောကြားရာ၌ သင်တို့သည် ရန်ငြိုးထားခြင်း နှလုံးမသာခြင်း စိတ်မကျေချမ်းခြင်း မဖြစ်စေသင့်၊ (၃)မှတ်

ရဟန်းတို့. . . သူတစ်ပါးတို့သည် ငါ၏အပြစ်ကိုဖြစ်စေ တရားတော်၏အပြစ်ကိုဖြစ်စေ၊ သံဃာ၏ အပြစ်ကိုဖြစ်စေ၊ ပြောကြရာ၌ သင်တို့သည် အမျက်ထွက်ကြလျှင် နှလုံးမသာကြလျှင် သင်တို့အားသာလျှင် အန္တရာယ် ဖြစ်ရာသည်။ (၂) မှတ်

ရဟန်းတို့. . . သူတစ်ပါးတို့သည် ငါ၏အပြစ်ကိုဖြစ်စေ၊ တရားတော်၏ အပြစ်ကိုဖြစ်စေ၊ သံဃာ၏အပြစ်ကို ဖြစ်စေ၊ ပြောကြရာ၌ သင်တို့သည် အမျက်ထွက်ကြလျှင် နှလုံးမသာကြလျှင် သင်တို့သည် သူတစ်ပါးတို့၏ စကားကောင်း စကားဆိုးကို သိနိုင်ကြမည်လော၊ မသိနိုင်ကြပါ။ (၂) မှတ်

ရဟန်းတို့. . . သူတစ်ပါးတို့သည် ငါ၏အပြစ်ကိုဖြစ်စေ၊ တရားတော်၏အပြစ်ကိုဖြစ်စေ၊ သံဃာ၏အပြစ်ကိုဖြစ်စေ၊ ပြောကြရာ၌ "ဤစကားသည် ဤအကြောင်းကြောင့်လည်းမဟုတ်၊ ဤအကြောင်းကြောင့် လည်း မမှန်၊ စင်စစ်အားဖြင့် ဤအဖြစ်သည် ငါတို့၌ ထင်ရှားမရှိ"ဟု မဟုတ်သည်ကို မဟုတ်သည့်အတိုင်း သင်တို့ ဖြေရှင်းရမည်။ နှာ-၃၊ ပိုဒ်-၅။ (၃) မှတ်။

၂-မေး။ ကျွန်ယောကျ်ားများ ပြည့်စုံရမည့်အင်္ဂါများကို ဖော်ပြ၍၊ မင်းမှုထမ်းတစ်ယောက် သာသနာဘောင်သို့ ဝင်ရောက်၍ ကိုယ်နှုတ်နှလုံးတို့ကို စောင့်စည်းလျက် ပျော်မွေ့နေခဲ့သော် ထိုရဟန်းအပေါ်၌ မင်းများ ပြုသင့်ပြုထိုက်သော ဝတ္တရားများကို သာမညဖလသုတ်တော်မှ ထုတ်ဖော်ပြခဲ့ပါ။

ဖြေ။ တိုင်းပြည်၌ အမှုလုပ်ကျွန်ယောကျ်ားသည် ရှေးဦးစွာထလေ့ရှိခြင်း၊ နောက်မှ အိပ်လေ့ရှိခြင်း၊ အဘယ်သို့ ပြုရအံ့နည်းဟု နာခံလေ့ရှိခြင်း၊ နှစ်ခြိုက်ဖွယ်ကို ပြုလေ့ရှိခြင်း၊ ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိခြင်း၊ မျက်နှာရိပ်မျက်နှာကဲကို ကြည့်လေ့ရှိခြင်းဟူသော အင်္ဂါများနှင့် ပြည့်စုံရပါမည်။ နှာ-၆၇။ ပိုဒ်-၁၈၃။ (၅) မှတ်

အရှင်ဘုရား. . . စင်စစ်သော်ကား အကျွန်ုပ်တို့ကပင် ထိုသူကို ရှိခိုးလည်း ရှိခိုးကုန်ရာ၏၊ ခရီးဦးကြိုလည်း ပြုကုန်ရာ၏၊ ထိုင်ရန်နေရာကိုလည်း ပေးကုန်ရာ၏၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို အလှူခံရန်လည်း ဖိတ်ကုန်ရာ၏၊ ထိုသူအား တရားနှင့်အညီ စောင့်ရှောက်ကာကွယ်လျက် လုံခြုံမှုကိုလည်း စီမံပေးကုန်ရာ၏။ နှာ-၆၈။ ပိုဒ်-၁၈၄။ (၅)မှတ်

၃-မေး။ မြတ်သောသီလအစု-စသည်နှင့် ပြည့်စုံသောရဟန်း မှီဝဲသင့်သော အရပ်များကို ဖော်ပြ၍၊ မိမိ၌ နီဝရဏတရား ငါးပါး မပယ်ရသေးသည်ကို မြင်ခြင်း, ပယ်ပြီးသည်ကို မြင်ခြင်းတို့နှင့် စပ်လျဉ်း၍ ဘုရားရှင် မိန့်ကြားအပ်သော စကားရပ်များကို ဥပမာများနှင့်တကွ အကျဉ်းမျှ ဖော်ပြခဲ့ပါ။

ဖြေ။ မြတ်သော သီလအစုစသည်နှင့် ပြည့်စုံသော ရဟန်းသည် ဆိတ်ငြိမ်သော ကျောင်းအိပ်ရာနေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သင်္ချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲ၏။ နှာ-၈၀။ ပိုဒ်-၂၁၆။ (၅) မှတ်

မင်းကြီး. . . ဤအတူသာလျှင် ရဟန်းသည် ကြွေးကဲ့သို့ အနာရောဂါကဲ့သို့ နှောင်အိမ်ကဲ့သို့ ကျွန်အဖြစ်ကဲ့သို့ ရှည်ဝေးသောခရီးခဲကဲ့သို့ မိမိ၌ မပယ်ရသေးကုန်သော ဤအပိတ်အပင် နီဝရဏတရားငါးပါးတို့ကို ကောင်းစွာ မြင်၏။ နှာ-၈၂။ ပိုဒ်-၂၃၃။ (၃) မှတ်။

မင်းကြီး. . . ကြွေးကင်းခြင်းကဲ့သို့ အနာရောဂါကင်းခြင်းကဲ့သို့ နှောင်အိမ်မှလွတ်ခြင်းကဲ့သို့ လွတ်လပ်သူဖြစ်ခြင်း ကဲ့သို့ ငြိမ်းချမ်းရာအရပ်သို့ ရောက်ခြင်းကဲ့သို့ ထို့အတူ ရဟန်းသည် မိမိ၌ ဤအပိတ်အပင် နီဝရဏတရားငါးပါးတို့ကို ပယ်ပြီးဖြစ်သည်ကို ကောင်းစွာ မြင်၏။ နှာ-၈၂။ ပိုဒ်-၂၂၄။ (၂) မှတ်။

၄-မေး။ အမ္ဗဋ္ဌသုတ်၌ အတုမရှိသော ဝိဇ္ဇာစရဏနှင့်ပြည့်စုံမှုကို မျက်မှောက်ပြုနိုင်ရန် ပယ်ရှားသင့်သော အစွဲအလမ်း များကို ဖော်ပြ၍၊ ဝိဇ္ဇာစရဏပျက်စီးကြောင်းတရား လေးပါးတို့တွင် နှစ်ခုမြောက်ပျက်စီးကြောင်းကိုသာ ဖော်ပြခဲ့ပါ။

ဖြေ။ အမ္ဗဋ္ဌ. . . အကြင်သူတို့သည် ဇာတ်ကိုစွဲ၍ဖြစ်သော စကား၌ စွဲလမ်းခြင်းကိုလည်းကောင်း၊ အနွယ်ကိုစွဲ၍ ဖြစ်သော စကား၌လည်း စွဲလမ်းခြင်းကိုလည်းကောင်း၊ မာန်ကိုစွဲ၍ဖြစ်သော စကား၌လည်း စွဲလမ်းခြင်းကိုလည်းကောင်း၊ သမီးဆောင်ယူ၍ ထိမ်းမြားခြင်း၊ သမီးပေး၍ ထိမ်းမြားခြင်း၌လည်း စွဲလမ်းခြင်းကိုလည်းကောင်း ပယ်မှသာလျှင် အတုမရှိသော အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည့်စုံမှုကို မျက်မှောက်ပြုနိုင်၏။

နှာ-၁၁၁။ ပိုဒ်ရေ-၂၇၈။ (၅) မှတ်။

ဤလောက၌ အချို့သော သမဏသည်လည်းကောင်း ဗြာဟ္မဏသည်လည်းကောင်း အတုမရှိသော ဤအသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနှင့်ပြည့်စုံခြင်းသို့လည်း မရောက်နိုင်သည်ဖြစ်၍ ကြွေကျသောသစ်သီးကိုသာ စားသူ၏ အဖြစ်သို့လည်း မရောက်နိုင်သည်ဖြစ်၍ ပေါက်တူးနှင့်ခြင်းတောင်းကို ယူဆောင်လျက် "သစ်ဉသစ်မြစ် သစ်သီးကိုသာ စားသူဖြစ်တော့အံ့"ဟု တောသို့ဝင်၏၊ စင်စစ်သော်ကား ထိုသူသည် အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည့်စုံသူ၏ အလုပ်အကျွေးမျှသာလျှင် ဖြစ်၏၊ အမ္ဗဋ္ဌ. . . ဤကား အတုမရှိသော ဤအသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည့်စုံမှု၏ နှစ်ခုမြောက်သော ပျက်စီးကြောင်းပေတည်း။ နှာ-၁၁၃၊ ပိုဒ်ရေ-၂၈၀။ (၅) မှတ်။

၅-မေး။ (က) ပေါက္ခရသာတိပုဏ္ဏားအား စည်းစိမ်ပေးသော မင်း၊

(ခ) ၎င်းပုဏ္ဏား၏ သရဏဂုံဆောက်တည်ပုံ၊

(ဂ) ဥပါသကာဖြစ်ပြီးနောက် အိမ်သို့ ကြွရောက်ရန် လျှောက်ထားချက်တို့ကို အသီးသီး ဖော်ပြခဲ့ပါ။

ဖြေ။ (က) ပသေနဒီကောသလမင်း၊ နှာ-၁၅၅။ ပိုဒ်-၂၈၃။ (၁) မှတ်။

(ခ) အရှင်ဂေါတမ. . . အကျွန်ုပ်သည် သားသမီး၊ မယား၊ ပရိသတ်၊ အမတ်တို့နှင့်တကွ အရှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အရှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာဟု မှတ်တော်မူပါ။ နှာ-၁၂၂။ ပိုဒ်-၂၉၉။ (၄) မှတ်။

(ဂ) အရှင်ဂေါတမသည် ဥက္ကဋ္ဌမြို့၌ အခြားဥပါသကာတို့အိမ်တို့သို့ ကြွရောက်တော်မူသကဲ့သို့ ပေါက္ခရသာတိ ပုဏ္ဏားအိမ်သို့လည်း ကြွတော်မူပါ၊ ထိုပေါက္ခရသာတိပုဏ္ဏားအိမ်၌ အကြင်လုလင်ပျို လုံမပျိုတို့သည် အရှင်ဂေါတမကို အရိုအသေ (ရိုရိုသေသေ) ရှိခိုးမူလည်း ရှိခိုးကုန်လတ္တံ့၊ ခရီးဦးကြိုပြုမူလည်း ပြုကုန်လတ္တံ့၊ နေရာကို ပေးလှူမူလည်း ပေးလှူကုန်လတ္တံ့၊ ရေကို ပေးလှူမူလည်း ပေးလှူကုန်လတ္တံ့၊ မိမိတို့၏ စိတ်ကို ကြည်လင်စေမူလည်း ကြည်လင်စေကုန်လတ္တံ့၊ ထိုသို့ပြုခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး ထိုလုလင်ပျို လုံမပျိုတို့၏ စီးပွားချမ်းသာ အလို့ငှာ ဖြစ်ပါလတ္တံ့”ဟု လျှောက်ထားပါသည်။

နှာ-၁၁၂။ ပိုဒ်-၂၉၉။ (၅) မှတ်။

၆-မေး။ ပုရောဟိတ်ပုဏ္ဏား၏ ညွှန်ကြားလျှောက်ထားချက်အရ နိုင်ငံတည်ငြိမ်အေးချမ်းသာယာရေးအတွက် မဟာဝိဇိတမင်း၏ ဆောင်ရွက်ချက်များကို ဖော်ပြခဲ့ပါ။

ဖြေ။ မဟာဝိဇိတမင်းသည် “အချင်း ကောင်းပါပြီ”ဟု ပုရောဟိတ်ပုဏ္ဏားအား ဝန်ခံပြီးလျှင် မိမိ၏နိုင်ငံ၌ လယ်ယာလုပ်မှု နွားမွေးမှုတို့ကို အားထုတ်ကုန်သောသူတို့အား မျိုးစေ့ရိက္ခာကို ထောက်ပံ့ပေးကမ်း၏၊ ကုန်သွယ်မှုကို အားထုတ်ကုန် သော သူတို့အား အရင်းအနှီးကို ထောက်ပံ့ပေးကမ်း၏၊ မင်းမှုထမ်းအလုပ်တို့ကို အားထုတ်ကုန်သောသူတို့အား လခရိက္ခာကို စီမံပေး၏၊ ဤသို့ပြုသဖြင့် ထိုနိုင်ငံသူ နိုင်ငံသားတို့သည်လည်း မိမိတို့၏ အလုပ်အကိုင်၌ အားထုတ်နေကုန် သည်ဖြစ်၍ မင်း၏နိုင်ငံကို မညှင်းဆဲကုန်၊ မင်းအား များပြားသော ဥစ္စာစပါးအစုသည်လည်း ဖြစ်၏၊ ငြိမ်းချမ်းခြင်းရှိ သည်ဖြစ်၍ ခိုးသူ ဆူပြောင့်မရှိသည်ဖြစ်၍၊ ခိုးသူနှိပ်စက်ခြင်းမရှိသည်ဖြစ်၍ နိုင်ငံသူနိုင်ငံသားတို့သည်လည်း အချင်းချင်း နှစ်လိုဝမ်းမြောက်ကုန်လျက် သားသမီးတို့ကို ရင်ခွင်၌ ကစေကုန်လျက် အိမ်တို့ကို မပိတ်ကုန်ဘဲလျက် နေကြရသကဲ့သို့ ဖြစ်လေကုန်၏။

နှာ-၁၅၁။ ပိုဒ်-၃၃၈။ (၁၀) မှတ်။

၇-မေး။ ပေါဋ္ဌပါဒသုတ်၌ “သတ္တဝါ သေပြီးနောက် ရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်-ဟူသော အယူသည် မှန်၏၊ တစ်ပါးသော အယူသည် မှား၏”ဟူသော ယူဆချက်ကို ဘုရားရှင် အဘယ့်ကြောင့် မဖြေကြားခဲ့ပါသနည်း၊ အကြောင်းနှင့်တကွ ဖြေဆိုပါ။

ဖြေ။ ပေါဋ္ဌပါဒ “သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်-ဟု ဆိုသော ဤအယူသည်သာလျှင် မှန်၍ တပါးသောအယူသည် မှား၏”ဟူသော ဤအရာကို ငါ မဖြေကြား၊ ပေါဋ္ဌပါဒ ဤအရာအစုသည် အကျိုးစီးပွားနှင့်မစပ်၊ လောကုတ္တရာတရားနှင့်မစပ်၊ အကျင့်မြတ်၏ အစမျှပင်မဟုတ်၊ ငြီးငွေ့ရန်အလို့ငှာမဖြစ်၊ တပ်မက်ခြင်းကင်းရန်အလို့ငှာ မဖြစ်၊ ဝဋ်ဆင်းရဲ ချုပ်ရန်အလို့ငှာ မဖြစ်၊ ကိလေသာ ငြိမ်းရန်အလို့ငှာ မဖြစ်၊ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှာ မဖြစ်၊ ထို့ကြောင့် ထိုအရာအစုကို ငါမဖြေကြား။

နှာ-၂၁၂။ ပိုဒ်-၄၂၀။ (၁၀) မှတ်။

၈-မေး။ စက္ခုန္ဒြေမစောင့်စည်းခြင်း-ဟူသော အကြောင်းကြောင့် နှိပ်စက်တတ်ကုန်သော တရားများကို ဖော်ပြ၍၊ ရောင့်ရဲလွယ်သောရဟန်းမည်ပုံကိုလည်း ဥပမာနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ ယင်းစက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသောအကြောင်းကြောင့် လိုချင်တပ်မက်ခြင်း အဘိဇ္ဈာ, နှလုံးမသာခြင်း ဒေါမနဿဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသောသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏။

နှာ-၂၃၆၊ ပိုဒ်-၄၅၄။ (၅) မှတ်။

ဤသာသနာတော်၌ ရဟန်းသည် ကိုယ်ကိုမျှတစေနိုင်သော သင်္ကန်းဖြင့် ဝမ်းကိုမျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ ကိုယ်နှင့်အတူပါမြဲ ပရိက္ခရာမျှသာရှိသဖြင့် တစ်ပါးတည်း ယူပြီးဖြစ်၍သာလျှင် သွား၏၊ လုလင် အတောင်ရှိသော ငှက်သည် ပျံလေရာရာသို့ မိမိအတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံဘိသကဲ့သို့ လုလင် ဤအတူ ရဟန်းသည် ကိုယ်ကိုမျှတစေနိုင်ရုံသော သင်္ကန်းဖြင့်ဝမ်းကို

မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ ကိုယ်နှင့်အတူပါမြဲ ပရိက္ခရာမျှသာရှိသဖြင့် တစ်ပါတည်းယူပြီး ဖြစ်၍သာလျှင် သွား၏၊ ဤရဟန်းမျိုးသည် ရောင့်ရဲလွယ်သောရဟန်းမည်၏။ နှာ-၂၃၇၊ ပိုဒ်-၄၅၆။ (၅) မှတ်။

၉-မေး။ ပြဟ္မာနှင့် ဗေဒင်သုံးပုံဆောင်ပုဏ္ဏားတို့၏ မရောနှော မညီညွတ်သော အချက်အလက်များကို အကြောင်းပြချက်များနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ ပြဟ္မာနှင့် ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ မရောနှော မညီညွတ်သောအကြောင်းအချက်တို့သည်ကား (၁) ပြဟ္မာသည် ကာမစ္ဆန္ဒမရှိသောကြောင့် သားမယားကို သိမ်းဆည်းခြင်းမရှိ၊ ပုဏ္ဏားကား ကာမစ္ဆန္ဒရှိသောကြောင့် သားမယားကို သိမ်းဆည်းခြင်းရှိ၏၊ (၂) ပြဟ္မာသည် ဗျာပါဒမရှိသောကြောင့် ရန်နှင့်ယှဉ်သော စိတ်မရှိ၊ ပုဏ္ဏားကား ဗျာပါဒရှိသောကြောင့် ရန်နှင့်ယှဉ်သောစိတ်ရှိ၏၊ (၃) ပြဟ္မာသည် ထိနမိဒ္ဓမရှိသောကြောင့် မခံ့သောစိတ်မရှိ၊ ပုဏ္ဏားသည်ကား ထိနမိဒ္ဓရှိသောကြောင့် မခံ့သော စိတ်ရှိ၏၊ (၄) ပြဟ္မာသည် ဥဒ္ဓစ္စကုက္ကုစ္စစသော ကိလေသာ မရှိသောကြောင့် ညစ်နွမ်းသောစိတ်မရှိ၊ ပုဏ္ဏားသည် ဥဒ္ဓစ္စကုက္ကုစ္စစသော ကိလေသာရှိသောကြောင့် ညစ်နွမ်းသောစိတ် ရှိ၏၊ (၅) ပြဟ္မာသည် ဝိစိကိစ္ဆာမရှိသောကြောင့် စိတ်ကိုအလိုအတိုင်း ဖြစ်စေနိုင်၏၊ ပုဏ္ဏားကား ဝိစိကိစ္ဆာရှိသောကြောင့် စိတ်ကိုအလိုအတိုင်း မဖြစ်စေနိုင်ပါ။ နှာ-၂၈၈/၉၊ ပိုဒ်-၅၅၀။ (၁၀) မှတ်။

၁၀-မေး။ အောက်ပါတို့ကို အသီးသီး ဖော်ပြခဲ့ပါ။

(က) လောဟိစ္စပုဏ္ဏား အရှင်အာနန္ဒာထံ စေလွှတ်သော ဆတ္တာသည်၏ အမည်၊

(ခ) ပသေနဒီကောသလမင်း အုပ်ချုပ်သော တိုင်းများ၊

(ဂ) သြဋ္ဌဒ္ဓလိစ္ဆဝီနှင့် အရှင်နာဂိတမထေရ်တို့၏ အနွယ်အမည်များ၊

(ဃ) မိမိပရိသတ်၏ အကဲ့ရဲ့ကို ခံရသောသူအား ဆုတ်ယုတ်နိုင်သည့်အရာများ၊

(င) ပေါက္ခရသာတိ ပုဏ္ဏားတည်းခိုနေထိုင်ရာအရပ်။

ဖြေ။ (က) ရောသိကာမည်သော ဆတ္တာသည်၊ နှာ-၂၆၆၊ ပိုဒ်-၅၀၄။ (၁) မှတ်။

(ခ) ကောသလမင်းသည် ကာသိတိုင်း ကောသလတိုင်းတို့ကို အုပ်ချုပ်သည်၊ နှာ-၂၇၀၊ ပိုဒ်-၅၁၂။ (၁) မှတ်။

(ဂ) သြဋ္ဌဒ္ဓလိစ္ဆဝီ၏ အနွယ်အမည်ကား မဟာလိ၊ နှာ-၁၇၀၊ ပိုဒ်- ၃၆၁။ (၁) မှတ်။

နာဂိတမထေရ်၏ အနွယ်အမည်ကား ကဿပ။ နှာ-၁၇၁-ပိုဒ်-၃၆၂။ (၁) မှတ်။

(ဃ) မိမိပရိသတ်၏ အကဲ့ရဲ့ခံရသောသူအား ကျော်စောခြင်းသည်လည်း ဆုတ်ယုတ်ရာ၏၊ ကျော်စောခြင်း ဆုတ်ယုတ်သူအား စည်းစိမ်တို့သည်လည်း ဆုတ်ယုတ်ကုန်ရာ၏၊ နှာ-၁၃၁၊ ပိုဒ်-၃၀၆။ (၃) မှတ်။

(င) ပေါက္ခရသာတိပုဏ္ဏားသည် တည်ပင်စည်းတန်းရှိသော ဧကသာလကမည်သော အယူဟောပြောပွဲကျင်းပရာ မလ္လိကာ၏ အာရာမ်၌နေ၏။ နှာ- (၃) မှတ်။

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၂) သုတ္တန္တပိဋက**

**သီလက္ခန် ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ**

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၁) ရက်၊ (၂၁. ၆. ၂၀၁၆) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁-မေး။ ဥပါသကာအဖြစ် ခံယူပြီးနောက် ဘုရားရှင်အား ဆက်၍ လျှောက်ထားအပ်သော အဇာတသတ်မင်း၏ လျှောက်ထားချက်ကို ဖော်ပြ၍၊ နိဂဏ္ဍနာဋပုတ္တ၏ အယူဝါဒကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ "အရှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် အကျွန်ုပ်ကို လွှမ်းမိုးသွားခဲ့ပါ၏၊ အကျွန်ုပ်သည် တရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကို မင်းစည်းစိမ်ဟူသော အကြောင်းကြောင့် သတ်ခဲ့မိပါ၏၊ မြတ်စွာဘုရားသည် ထိုအကျွန်ုပ်၏ အပြစ်ကို နောင်အခါ စောင့်စည်းခြင်းငှာ အပြစ်ဟု လက်ခံတော်မူပါ အရှင်ဘုရား"ဟု လျှောက်၏။

(၅)မှတ် နှာ-၉၆

"မင်းကြီး ဤလောက၌ နိဂဏ္ဍသည် အလုံးစုံသော ရေအေးကို တားမြစ်၏၊ (မကောင်းမှုကို) အလုံးစုံ တားမြစ်၏။ (မကောင်းမှုကို) အလုံးစုံတားမြစ်ခြင်းဖြင့် ပယ်ခွါပြီးဖြစ်၏၊ မကောင်းမှုကို အလုံးစုံတားမြစ်ခြင်းဖြင့် (လွတ်မြောက်ရာကို) တွေ့ပြီး ဖြစ်၏၊ မင်းကြီး ဤလေးမျိုးသော စောင့်စည်းခြင်းဖြင့် စောင့်စည်းပြီးသော ဤနိဂဏ္ဍနာဋပုတ္တသည် အထွတ်အထိပ်သို့ ရောက်သောစိတ်ရှိသူ စောင့်စည်းစိတ်ရှိသူ တည်ကြည်သော စိတ်ရှိသူ-ဟု ဆိုအပ်၏" ဟု ပြောဆိုပါသည်။ (၅) နှာ-၆၅။

၂-မေး။အမျိုးမြတ်သူနှင့် စပ်လျဉ်းပြီး သနင်္ကုမာရဗြဟ္မာမင်း၏ အဆိုကို ဖော်ပြ၍၊ ထိုအဆိုကို ထောက်ခံသည့် ဘုရားရှင်၏ စကားတော်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ "လူအပေါင်း၌ အကြင်သူတို့သည် အမျိုးအနွယ်ကို အားကိုးလေ့ရှိကုန်၏၊ ထိုသူတို့တွင် မင်းမျိုးသည် မြတ်၏၊ နတ်လူအပေါင်း၌ အကြင်သူသည် အသိဉာဏ် "ဝိဇ္ဇာ" အကျင့် (စရဏ) နှင့် ပြည့်စုံ၏၊ ထိုသူသည် မြတ်၏"ဟု ဆိုပါသည်။ ၅-မှတ်

အမ္ဗဋ္ဌ သနင်္ကုမာရသည် ထိုဂါထာကို ကောင်းစွာ သီဆိုပေ၏၊ မကောင်းသဖြင့် သီဆိုသည် မဟုတ်ပေ၊ ကောင်းစွာရွတ်ဆိုပေ၏၊ မကောင်းသဖြင့် ရွတ်ဆိုသည် မဟုတ်ပေ၊ အကျိုးနှင့်စပ်ပေ၏၊ အကျိုးနှင့်မစပ်သည် မဟုတ်ပေ၊ ငါသဘောတူ၏၊ အမ္ဗဋ္ဌ ငါသည်လည်း ဤအတူပင် ဆို၏။

၅-မှတ် နှာ-၁၁၀

၃-မေး။ ပရိတ်သတ်၌ဖြစ်စေ၊ ယာဉ်ပေါ်ရောက်နေချိန်၌ဖြစ်စေ ဘုရားရှင်အား အမူအရာဖြင့် ဂါရဝပြုပုံကို သောဏဒဏ္ဍ ပုဏ္ဏား လျှောက်ထားချက်အရ ဖော်ပြ၍၊ ပုဏ္ဏား (ဗြာဟ္မဏ)ဟု ပညတ်နိုင်သော အင်္ဂါပါးတို့တွင် နောက်ဆုံး သုံးခုကိုသာ ဖော်ပြခဲ့ပါ။

ဖြေ။ လက်အုပ်ချီခြင်းကို ထိုင်ရာမှထ၍ ခရီးဦးကြိုဆိုခြင်း၊ ဦးရစ်ချွတ်ခြင်းကို ဦးခေါင်းဖြင့် ရှိခိုးခြင်း၊ နှင်တံမြောက်ခြင်းကို ယာဉ်မှဆင်းသက်ခြင်း၊ ထီးကိုဖယ်ခြင်းကို ဦးခေါင်းဖြင့် ရှစ်ခိုးခြင်း-ဟုမှတ်ရန် လျှောက်ထားပါသည်။ ၅-မှတ် နှာ-၁၄၀

သီလရှိ၏၊ ကြီးပွားသော သီလရှိ၏၊ ကြီးပွားသော သီလနှင့်ပြည့်စုံ၏၊ ပညာရှိ၏၊ ထက်မြက်သော ဉာဏ်လည်းရှိ၏၊ ယဇ်ယောက်မကိုင်သော သူတို့တွင် ပဌမသော်လည်းကောင်း၊ ဒုတိယသော်လည်းဖြစ်၏။

၅-မှတ် နှာ-၁၃၃

၄-မေး။ ကူဋဒန္တသုတ်၌ ဘုရားရှင်အား အသက်ပေးပြီး ကိုးကွယ်သူများကို ဖော်ပြ၍၊ အလျှုခံတို့အပေါ် ဖြစ်တတ်သော နှလုံးမသာယာမှုကို ပယ်ဖျောက်နည်းအခြင်းအရာ (၁၀) ပါးတို့တွင် နောက်ဆုံးအခြင်းအရာကို ဖော်ပြခဲ့ပါ။

ဖြေ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို မာဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် လည်းကောင်း၊ ပသေနဒီကောသလမင်းသည်လည်းကောင်း၊ ပေါက္ခရသာတိပုဏ္ဏားသည်လည်းကောင်း၊ သားမယား ပရိသတ် အမတ်တို့နှင့်တကွ အသက်နှင်း၍ ကိုးကွယ်ကြပါသည်။ ၅-မှတ် နှာ-၁၄၈

မှားသော အယူရှိသူတို့သည်လည်းကောင်း၊ မှန်သော အယူရှိသူတို့သည်လည်းကောင်း လာကုန်လတ္တံ့၊ ထိုသူတို့တွင် အကြင်သူတို့သည် မှားသော အယူရှိကုန်၏၊ ထိုမှားသော အယူရှိသောကြောင့် ထိုသူတို့အားသာ မကောင်းကျိုးဖြစ်ပါလတ္တံ့၊ ထိုသူတို့တွင် အကြင်သူတို့သည် မှန်သောအယူရှိကုန်၏၊ ထိုသူတို့ကို အာရုံပြု၍ အရှင်သည်ပေးလှူပူဇော်ပါလော၊ အရှင်သည် စွန့်ကြဲပါလော၊ အရှင်သည် ဝမ်းမြောက်ပါလော၊ အရှင်သည် မိမိသန္တာန်၌ စိတ်ကိုသာ ကြည်စေပါလော၊ ဤသို့ပယ်ဖျောက်ရပါမည်။ ၅-မှတ် နှာ-၁၅၆

၅-မေး။မဟာလိသုတ်တော်၌ သမာဓိထက် သာလွန် မွန်မြတ်သည့် တရားလေးပါးတို့တွင် နောက်ဆုံးတရားကို ဖော်ပြ၍၊ ၎င်းတရားလေးပါးကို မျက်မှောက်ပြုနိုင်ရန် အကျင့်လမ်းစဉ်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းသည် အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝကင်းသော လွတ်မြောက်သော "အရဟတ္တဖိုလ်စိတ်"နှင့် လွတ်မြောက်သော "အရဟတ္တဖိုလ်"ပညာကို မျက်မှောက်ဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ရောက်လျက် ရဟန္တာဖြစ်၍နေ၏၊ မဟာလိ ဤရဟန္တာအဖြစ်သည်လည်း သမာဓိတရားထက်သာ၍ မွန်မြတ်၏။ ၅-မှတ်

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တို့ ဖြစ်ပါသည်။ ၅-မှတ် နှာ-၁၇၇

၆-မေး။ ပေါဋ္ဌပါဒပရိဗိုဇ်၏ ပရိတ်သတ်အရေအတွက်နှင့် နေထိုင်ရာ အရပ်ကို ဖော်ပြ၍၊ ကြမ်းတမ်းထင်ရှားသော အတ္တဘောရခြင်းကို ပယ်ရန် ဘုရားရှင် ဟောကြားထားရာ၌ ဟောကြားသည့်အတိုင်း ကျင့်သော် ရနိုင်သည့် အကျိုးကျေးဇူးများကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ထိုစဉ်အခါ ပေါဋ္ဌပါဒပရိဗိုဇ်သည် သုံးရာမျှသော များစွာသော ပရိဗိုဇ်ပရိသတ်နှင့်အတူ တည်ပင်စည်းတန်းရှိသော တေသာလကမည်သော အယူဟောပြောပွဲ ကျင်းပရာ မလ္လိကာ၏ အာရမ်၌နေ၏။

၅-မှတ် နှာ-၂၀၃

ငါဟောသည့်အတိုင်းကျင့်သော် သင်တို့အား ညစ်ညူးစေတတ်သော ကိလေသာတရားတို့သည် ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော သမထဝိပဿနာတရားတို့သည် တိုးပွားကုန်လတ္တံ့၊ ပညာ၏ ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက်ရောက်၍ နေရကုန်လတ္တံ့။ ၅-မှတ် နှာ-၂၂၁။

၇-မေး။ "အဓိဓေဝဂ္ဂ"၏ အဓိပ္ပာယ်ကို ဖော်ပြ၍၊ ယင်းပြဿနာကို မေးသူ၊ ဖြေသူ၊ မေးရာအရပ်တို့ကို အသီးသီး ဖော်ပြခဲ့ပါ။

ဖြေ။ လွန်မြတ်သော အားထုတ်လုံ့လဖြင့် မကောင်းမှုပယ်ခြင်း ပြဿနာအယူအဆကို "အဓိဇေဂုစ္ဆ"ဟု ခေါ်ပါသည်။ ၅-မှတ် နှာ-၂၀၀

ယင်းပြဿနာကို နိဗ္ဗာန်ပြောမည်သော ဖြိုးခြိမ့်မှု အကျင့်မြတ်တို့ကို ကျင့်လေ့ရှိသူတစ်ဦးကမေးသည်၊ ဘုရားရှင်ဖြေသည်။ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ ဖြစ်ပါသည်။ ၅-မှတ် နှာ-၂၀၀

၈-မေး။ သုဘလုလင်က သူငယ်တစ်ယောက်ကို ခေါ်၍ အရှင်အာနန္ဒာမထေရ်ထံ ချဉ်းကပ်လျှောက်ထားခိုင်းသည့် စကားရပ်ကို ဖော်ပြ၍၊ အရှင်အာနန္ဒာမထေရ်၏ နောက်ပါရဟန်း၏ အမည်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ "တောဒေယျ၏သား သုဘလုလင်သည် အရှင်အာနန္ဒာအား အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းများကို မေးလိုက်ပါ၏၊ ထို့ပြင် အရှင်အာနန္ဒာသည် အစဉ်သနားသဖြင့် တောဒေယျ၏သား သုဘလုလင်၏အိမ်သို့ ချဉ်းကပ်တော်မူပါရန် တောင်းပန်လိုက်ပါသည်"ဟု ဤသို့ လျှောက်ထားလေလော့-ဟူ၍ ပြောဆို၏။ ၇-မှတ် နှာ-၂၃၁

စေတကမည်သော ရဟန်းဖြစ်ပါသည်။ ၃-မှတ် နှာ-၂၃၂

၉-မေး။ တေဝိဇ္ဇသုတ်၌ ဗြဟ္မာ့ပြည်ရောက်ရန် အထူးထူးသော လမ်းညွှန်ချက်များ ပညတ်ကြသည့် ပုဏ္ဏားများကို ဖော်ပြ၍၊ ဗြာဟ္မဏ မဖြစ်စေနိုင်သော တရားတို့ကို ကျင့်ကြသည့်ပုဏ္ဏားများက ခေါ်ဆိုတောင့်တကြသော နတ်များကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ အဒ္ဓရိယပုဏ္ဏား၊ တိတ္တိရိယပုဏ္ဏား၊ ဆန္ဒောကပုဏ္ဏား၊ ဗဝ္ဘရိဇ္ဈပုဏ္ဏားတို့ဖြစ်ပါသည်။ ၄-မှတ် နှာ-၁၇၉

ဣန္ဒနတ်၊ သောမနတ်၊ ဝရုဏနတ်၊ ဤသာနနတ်၊ ပဇာပတိနတ်၊ ဗြဟ္မာ၊ မဟိဒ္ဓိနတ်၊ ယမနတ် တို့ဖြစ်ပါသည်။

၆-မှတ် နှာ-၂၈၆

၁၀-မေး။ အောက်ပါတို့ကို အသီးသီး ရေးသား ဖော်ပြခဲ့ပါ။

(က) မဟာဗြဟ္မာမသိနိုင်သော အရပ်၊ (ခ) သုဘလုလင်၏ ဖခင်အမည်

(ဂ) သောဏဒဏ္ဍပုဏ္ဏားအား ရိုသေလေးစားမြတ်နိုးသူ

(ဃ) စမ္ပာမြို့ရောက်ခိုက် ဘုရားရှင် သီတင်းသုံးရာ အရပ်

(င) သောဏဒဏ္ဍပုဏ္ဏား၏ ဧည့်သည်အပေါ် ဆက်ဆံနည်း လမ်းညွှန်ချက်များ။

ဖြေ။ (က) မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာ အရပ်ကို မသိနိုင်ပါ။ ၂-မှတ် နှာ-၂၆၁

(ခ) တောဒေယျပုဏ္ဏား ဖြစ်ပါသည်။ ၁-မှတ် နှာ-၂၃၁

(ဂ) ပေါက္ခရသာတိပုဏ္ဏား ဖြစ်ပါသည်။ ၁-မှတ် နှာ-၁၂၇

(ဃ) ဂဂ္ဂရာမည်သော ရေကန်၏ကမ်းနား၌ သီတင်းသုံးပါသည်။ ၁-မှတ် နှာ-၁၃၀

(င) အချင်းတို့ အကြင်သမဏ ဗြာဟ္မဏတို့သည် ငါတို့၏ မြို့ရွာနယ်ပယ်သို့ လာကုန်၏၊ ထိုသမဏ, ဗြာဟ္မဏတို့သည် ဧည့်သည်များဖြစ်ကုန်၏၊ ဧည့်သည်တို့ကို ငါတို့သည် အရိုအသေပြုသင့်ကုန်၏၊ အလေးပြုသင့် ကုန်၏၊ မြတ်နိုးသင့်ကုန်၏၊ ပူဇော်သင့်ကုန်၏၊ တုပ်ဝပ်သင့်ကုန်၏ ဟူ၍ ဖြစ်ပါသည်။

၅-မှတ် နှာ-၁၃၀

ရန်ကုန်မြို့
မဒါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၂) သုတ္တန္တပိဋက**

**သီလက္ခန် ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ**

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၃) ရက်၊ (၁၂. ၆. ၂၀၁၇) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁-မေး။ သူတစ်ပါးတို့က ရတနာသုံးပါးတို့၏ အပြစ်နှင့်ဂုဏ် ပြောလာကြသော် မည်ကဲ့သို့ ပြုမူကျင့်ကြံရမည်ကို ဖြေဆို၍၊ အဘယ်ပုဂ္ဂိုလ်တို့သည် အဘယ့်ကြောင့် အဘယ်အချိန်၌ ဘုရားရှင်ကို ဖူးမြင်ကြရ၊ မဖူးမြင်ကြရမည်ကို ဖြေဆိုခဲ့ပါ။

ဖြေ။ သူတစ်ပါးတို့က ရတနာသုံးပါးတို့၏ အပြစ်ကို ပြောကြရာ၌ ရန်ငြိုးထားခြင်း၊ နှလုံးမသာယာခြင်း၊ စိတ်မကျေချမ်းခြင်း မဖြစ်စေရပါ။ **(၃-မှတ်)**

သူတစ်ပါးတို့က ဂုဏ်ကို ပြောကြရာ၌ နှစ်သက်ခြင်း၊ ဝမ်းသာခြင်း၊ စိတ်တက်ကြွခြင်း မဖြစ်စေရပါ။

**(၃-မှတ်)(ပါ၊မြန်။၃။)(စာပိုဒ်။၅-၆။)**

နတ်လူတို့သည် မြတ်စွာဘုရား၏ ကိုယ်တော်ကား တဏှာပြတ်ပြီးဖြစ်လျက် တည်သောကြောင့် ကိုယ်တော်တည်နေသမျှကာလအတွင်း၌သာ မြတ်စွာဘုရားကို ဖူးမြင်ကြရပါမည်။ **(၂-မှတ်)**

အသက်တော်ကုန်ဆုံး၍ ကိုယ်တော်ပျက်စီးသည်မှ နောက်၌ ထိုမြတ်စွာဘုရားကို ဖူးမြင်ကြရမည် မဟုတ်ပါ။

**(၂-မှတ်)(မြန်။၄၆-၇။)(စာပိုဒ်။၁၄၇။)**

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၂-မေး။ ကျွန်အဖြစ်မှ ရဟန်းဖြစ်လာသူအပေါ်၌ အဇာတသတ်မင်း ပြုမူရမည့်ကိစ္စများကို ဖော်ပြ၍၊ သာမညဖလသုတ်၏ အဆုံးနိဂုံး၌ အဇာတသတ်မင်း၏ လျှောက်ထားချက်, ဘုရားရှင်၏ မိန့်ကြားချက်များကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **အဇာတသတ်မင်း၏ ပြုမူရသည့် ကိစ္စများ**

၁။ ရှိခိုးခြင်း၊ ၂။ ခရီးဦးကြိုခြင်း၊ ၃။ ထိုင်ရန်နေရာပေးခြင်း၊ ၄။ ပစ္စည်းလေးပါးတို့ကို အလှူခံရန်လည်း ဖိတ်ကြားခြင်း၊ ၅။ တရားနှင့်အညီ စောင့်ရှောက်ကာ ကွယ်ပြီး လုံခြုံမှုကိုလည်း စီမံပေးခြင်းတို့ ဖြစ်သည်။

**(၅-မှတ်)(မြန်။၆၃။)(စာပိုဒ်။၁၈၄။)**

**အဇာတသတ်မင်း၏ လျှောက်ထားချက်**

အရှင်ဘုရား. . . ယခုအခါ အကျွန်ုပ်တို့သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသောကိစ္စ၊ များသောပြုဖွယ်ရှိပါကုန်၏-ဟု လျှောက်ထား၏။

"ရဟန်းတို့. . . ဤမင်းသည် မိမိတည်ရာကို မိမိတူးဖြိုခဲ့၏၊ ရဟန်းတို့. . . ဤမင်းသည် မိမိကိုယ်ကို မိမိဖျက်ဆီးခဲ့၏၊ ရဟန်းတို့. . . ဤမင်းသည် တရားစောင့်သော၊ တရားသဖြင့် မင်းပြုသော ခမည်းတော်ကို မသတ်မိပါမူ ဤမင်းအား ဤနေရာ၌ပင်လျှင် ကိလေသာမြူ အညစ်အကြေးကင်းသော တရားမျက်စိ သောတာပတ္တိမဂ် ဉာဏ်သည် ဖြစ်ပေါ်ရာ၏"ဟု မိန့်တော်မူ၏။ **(၅-မှတ်)(မြန်။၈၉။)(စာပိုဒ်။၂၅၂။)**

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၃-မေး။ အမ္ဗဋ္ဌလုလင်၏ မျိုးနွယ်အစဖြစ်သော ရသေ့၏အမည်၊ သွားသောဒေသ၊ သင်ယူသောအတတ်၊ ချဉ်းကပ်သောမင်း၊ တောင်းခံသောအရာတို့ကို ဖော်ပြ၍၊ ဝေဒကျမ်းတို့ကို စီရင်ပို့ချကြသည့် ရသေ့များကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ကဏှရသေ့၊ ဒက္ခိဏာဇနပုဒ်၊ မြတ်သော မန္တန်၊ ဥက္ကာကမင်း၊ မဒ္ဒရူပီမည်သော သမီးတော်တို့ ဖြစ်ပါသည်။

(၅-မှတ်)(မြန်။ ၁၀၀။)(စာပိုဒ်။ ၂၇၄။)

အဋ္ဌကရသေ့၊ ဝါမကရသေ့၊ ဝါမဒေဝရသေ့၊ ဝေဿာမိတ္တရသေ့၊ ယမဒဂ္ဂိရသေ့၊ အင်္ဂီရသရသေ့၊ ဘာရဒွါဇရသေ့၊ ဝါသေဋ္ဌရသေ့၊ ကဿပရသေ့၊ ဘဂုရသေ့တို့ ဖြစ်ကြပါသည်။

(၅-မှတ်)(မြန်။ ၁၀၈။)(စာပိုဒ်။ ၂၈၅။)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၄-မေး။ သောဏဒဏ္ဍပုဏ္ဏား၏ ဂုဏ်ပုဒ် ၁၁-မျိုးတို့တွင် ၃-ခုမြောက် ၇-ခုမြောက် ဂုဏ်ပုဒ်တို့ကို ဖော်ပြ၍၊ ဘုရားရှင်အပေါ် အများနှင့်မတူ တမူထူးခြားသည့် အပြုအမူများကိုလည်း သိသာရုံမျှ ဖော်ပြခဲ့ပါ။

ဖြေ။ အသျှင်သောဏဒဏ္ဍသည် ဝေဒကျမ်းလာဂါထာတို့ကို ရွတ်ဖတ်တတ်၏၊ ဝေဒကျမ်းကို ဆောင်၏၊ အဘိဓာန်နိဃဏ္ဍုကျမ်း၊ အလင်္ကာကေဋုဘကျမ်း၊ သဒ္ဒါအက္ခရပ္ပဘေဒကျမ်း၊ ငါးခုမြောက် ဣတိဟာသကျမ်းနှင့် တကွ ဗေဒင်သုံးပုံတို့၏ တစ်ဖက်ကမ်းသို့ ရောက်၏၊ ပဒကျမ်းကို တတ်၏၊ ဗျာကရုဏ်းကျမ်းကို တတ်၏၊ လောကာယတကျမ်း၊ မဟာပုရိသကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏။ (၃-မှတ်)

- အသျှင်သောဏဒဏ္ဍသည် များစွာသော သူတို့၏ ဆရာဖြစ်၏၊ ဆရာ့ ဆရာဖြစ်၏၊ လုလင်သုံးရာတို့ကို ဝေဒကျမ်းတို့ကို ပို့ချ၏။ အထူးထူးသော အရပ်၊ အထူးထူးသော ဇနပုဒ်တို့မှ များစွာသော လုလင်တို့သည် အသျှင်သောဏဒဏ္ဍ၏ အထံ၌ ဝေဒကျမ်းတို့ကို အလိုရှိကြကုန်သည်ဖြစ်၍ ဝေဒကျမ်းတို့ကို သင်လိုကုန်သည်ဖြစ်၍ လာကုန်၏။ (၃-မှတ်)(မြန်။ ၁၁၈။)(စာပိုဒ်။ ၃၀၃။)

- အသျှင်သောဏဒဏ္ဍသည် ပရိသတ်အလယ်ရောက်နေခိုက် လက်အုပ်ချီခြင်းကို နေရာမှ ထ၍ ခရီးဦးကြိုဆိုခြင်းဟု မှတ်ရန် လျှောက်ထားခြင်း၊ (၁-မှတ်)

- ဦးရစ်ခေါင်းပေါင်းချွတ်ခြင်းကို ဦးခေါင်းဖြင့် ရှိခိုးခြင်းဟု မှတ်ရန် လျှောက်ထားခြင်း၊ (၁-မှတ်)

- ယာဉ်ထက်သို့ ရောက်နေခိုက် နှင်တံမြှောက်ခြင်းကို ယာဉ်ထက်မှ ဆင်းသက်ခြင်းဟု မှတ်ရန်လျှောက်ထားခြင်း၊

(၅-မှတ်)

- ယာဉ်ထက်၌ ရောက်နေခိုက် ထီးကို ဖယ်ရှားခြင်းကိုပင် ဦးခေါင်းဖြင့် ရှိခိုးခြင်းဟု မှတ်ရန် လျှောက်ထားခြင်းတို့ဖြစ်ပါသည်။ (၅-မှတ်)

၅-မေး။ ကူဋဒန္တပုဏ္ဏားသည် အဘယ်နေရာ၊ အဘယ်အချိန်၊ အဘယ်သို့နေထိုင်စဉ် အဘယ်ရှာသူ ရှာသားတို့သည် အဘယ်သို့သောပုံစံဖြင့် အမ္ဗလဋ္ဌိကာ ဥယျာဉ်ဆီသို့ သွားနေသည်ကို မြင်ပါသနည်း ဖြေဆို၍၊ မဟာဝိဇိတမင်း၏ အင်္ဂါ ၈-ပါးတို့တွင် ၂-ခုမြောက် ၅-ခုမြောက်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ကူဋဒန္တပုဏ္ဏားသည် ပြာသာဒ်ထက်၌ နေ့အချိန် လျောင်းစက်လျက်နေခိုက် ခါဏုတမရွာသူ ရွာသားတို့သည် အစုလိုက် အအုပ်လိုက် အမ္ဗလဋ္ဌိကာဥယျာဉ်ဆီသို့ သွားနေကြသည်တို့ကို မြင်ပါသည်။

(၄-မှတ်)(မြန်။၁၃၄။)(စာပိုဒ်။၃၂၆။)

**မဟာဝိဇိတမင်း၏ အင်္ဂါ ၂ နှင့် ၅**

၂ - မဟာဝိဇိတမင်းသည် အဆင်းလှ၏၊ ရှုချင်စဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊ ဗြဟ္မာနှင့်တူသော အဆင်းရှိ၏၊ ဗြဟ္မာနှင့်တူသော ကိုယ်ရှိ၏၊ ခန့်ညားသော ကိုယ်ခန္ဓာရှိ၏

(၃-မှတ်)

၅ - သဒ္ဓါတရားရှိ၏၊ ပေးကမ်းစွန့်ကြဲတတ်၏၊ အမြတ်ကို ပေးတတ်သော အလှူရှင်ဖြစ်၏၊ ရဟန်း၊ ပုဏ္ဏား အထီးကျန်သူ၊ ခရီးသွား ဖုန်းတောင်းယာစကာတို့အတွက် မပိတ်သော တံခါးရှိ၏။ ရေတွင်းသဖွယ်ဖြစ်၍ ကောင်းမှုတို့ကို ပြု၏။ (၃-မှတ်)(မြန်။၁၄၄။)(စာပိုဒ်။၃၄၀။)

၆-မေး။ သုနက္ခတ္တသည် နတ်တို့၏ရုပ်အဆင်းကိုသာမြင်ပြီး အသံကို မကြားရခြင်းအကြောင်းကို ဖော်ပြ၍၊ သမာဓိ တရားထက် သာလွန်မွန်မြတ်သော တရားများကိုလည်း မဟာလိသုတ်ကို ကိုးကား၍ ဖော်ပြခဲ့ပါ။

ဖြေ။ အထက်အောက်ဖီလာအရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ်၊ တပ်မက်ဖွယ်ဖြစ်ကုန်သော နတ်လောကမှ အဆင်းရူပါရုံတို့ကို မြင်ရန် တစ်ဖို့တည်း အတွက်သာလျှင် တည်ကြည်မှု သမာဓိကို ပွားများ၍ အသံ သဒ္ဒါရုံကို ကြားရန်အဖို့အတွက်ကား မပွားများသောကြောင့်ပင် ဖြစ်ပါသည်။

(၆-မှတ်)(မြန်။၁၆၃။)(စာပိုဒ်။၃၆၇။)

သမာဓိထက်သာလွန် မွန်မြတ်သည့် တရားများ —

၁။ သောတာပန်၏အဖြစ်၊ ၂။ သကဒါဂါမိ၏အဖြစ်၊ ၃။ အနာဂါမိ၏အဖြစ်

၄။ ရဟန္တာ၏အဖြစ်တို့ ဖြစ်ပါသည်။ (၄-မှတ်)(မြန်။၁၆၅။)(စာပိုဒ်။၃၇၃။)

•••••••••••••••••••••••••••••••••••••••

၇-မေး။ ကဿပတက္ကဒွန်းအား မြတ်ဗုဒ္ဓမိန့်တော်မူသည့် အသာလွန်ဆုံး အရာလေးပါးကို ဖော်ပြ၍၊ ကဿပ တက္ကဒွန်း၏ တစ်ဘဝဇာတ်အဆုံးသတ်ပုံကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ မြတ်ဗုဒ္ဓ၏ အခြားသူများထက် အသာလွန်ဆုံး တရားများကား —

၁။ အဓိသီလ၊ ၂။ အဓိဇေဂုစ္ဆ၊ ၃။ အဓိပညာ၊ ၄။ အဓိဝိမုတ္တိတရားတို့ ဖြစ်ပါသည်။

(၅-မှတ်)(မြန်။၁၈၃။)(စာပိုဒ်။၄၀၂။)

အဝတ်မဝတ်ဘဲကျင့်သော ကဿပတက္ကဒွန်းသည် မြတ်စွာဘုရားအထံ၌ ရှင်ရဟန်းအဖြစ်ကိုရပြီး မကြာမီ တစ်ယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ဖြင့် နေသောကြောင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားပါသည်။

(၅-မှတ်)(မြန်။၁၈၅။)(စာပိုဒ်။၄၀၅။)

•••••••••••••••••••••••••••••••••••••••

၈-မေး။ ပေါဋ္ဌပါဒမေးသည့် အချို့ပြဿနာများကို ဘုရားရှင် မဖြေဆိုခြင်း အကြောင်းတရား ၁၀-ပါးတို့ကို ဖော်ပြ၍၊ ပေါဋ္ဌပါဒနှင့် စိတ္တတို့ ရရှိသည့်ထူးခြားသော အကျိုးတရားများကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ပေါဋ္ဌပါဒမေးသည့် အချို့အရာစုများကို မဖြေဆိုခြင်းအကြောင်း ၁၀-ပါး —

၁။ အရာစုသည် အကျိုးစီးပွားနှင့် မစပ်ခြင်း၊ ၂။ လောကုတ္တရာတရားနှင့် မစပ်ခြင်း၊ ၃။ အကျင့်မြတ်၏ အစမျှပင်မဟုတ်ခြင်း၊ ၄။ ငြီးငွေ့ရန်အလို့ငှာ မဖြစ်ခြင်း၊ ၅။ တပ်မက်ခြင်း ကင်းရန်အလို့ငှာ မဖြစ်ခြင်း၊ ၆။ ဝဋ္ဋဆင်းရဲချုပ်ရန်အလို့ငှာ မဖြစ်ခြင်း၊ ၇။ ကိလေသာငြိမ်းရန်အလို့ငှာ မဖြစ်ခြင်း၊ ၈။ ထူးသောဉာဏ်ဖြင့် သိရန် အလို့ငှာ မဖြစ်ခြင်း၊ ၉။ သစ္စာလေးပါးကို သိရန်အလို့ငှာ မဖြစ်ခြင်း၊ ၁၀။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ မဖြစ်ခြင်းတို့ ဖြစ်ပါသည်။ (၆-မှတ်)(မြန်။၁၉၅-၆။)(စာပိုဒ်။၄၂၀။)

ပေါဋ္ဌပါဒသည် ရတနာသုံးပါးတို့အား အမြဲမပြတ် မှီဝဲဆည်းကပ်သည့် ဥပါသကာအဖြစ်သို့ ရောက်ပါသည်။

(၂-မှတ်)

ဆင်ဆရာ၏သား စိတ္တကား မြတ်စွာဘုရားအထံတော်၌ ရှင်ရဟန်းအဖြစ်ကို ရရှိပြီး မကြာမီမှာပင် မြတ်သော အကျင့်တို့ကို ကျင့်သောကြောင့် အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်ပါသည်။

(၂-မှတ်)(မြန်။၂၁၁။)(စာပိုဒ်။၄၄၁-၂။)

••••••••••••••••••••••••••••••••••••••••

၉-မေး။ သုဘသုတ်လာ ရဟန်းတို့၏ သမာဓိတရား ပညာတရားများကို ဖော်ပြ၍၊ သုဘလုလင်၏ တရားတော်အပေါ် ချီးကျူးစကား ဥပမာလေးပါးတို့နှင့် နောက်ဆုံးလျှောက်ထားမှု စကားစုကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။ သုဘသုတ်လာ ရဟန်းတို့၏ သမာဓိတရားကား —**

၁။ ပဌမစျာန်၊ ၂။ ဒုတိယစျာန်၊ ၃။ တတိယစျာန်၊ ၄။ စတုတ္ထစျာန်တို့ ဖြစ်ပါသည်။

**(မြန်။ ၂၂၁-၂၂၃။)(စာပိုဒ်။ ၄၆၇-၇၀။)**

**ပညာတရားကား —**

၁။ ဝိပဿနာဉာဏ်၊ ၂။ မနောမယိဒ္ဓိဉာဏ်၊ ၃။ ဣဒ္ဓိဝိဓဉာဏ်၊ ၄။ ဒိဗ္ဗသောတဉာဏ်၊ ၅။ စေတောပရိယဉာဏ်၊ ၆။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ၇။ စုတူပပါတဉာဏ်၊ ၈။ အာသဝက္ခယဉာဏ်တို့ ဖြစ်ပါသည်။

**(၅-မှတ်)(မြန်။ ၂၂၄-၂၃၁။)(စာပိုဒ်။ ၄၇၂-၉။)**

**ဥပမာ ၄-ပါးနှင့် နောက်ဆုံးစကား —**

၁။ မှောက်ထားသည်ကို လှန်ပြဘိသကဲ့သို့

၂။ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်သကဲ့သို့

၃။ မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့

၄။ မျက်စိအမြင်ရှိသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ ဖြစ်ကြသည်။

အသျှင်အာနန္ဒာသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါဟု၍ လျှောက်ထားပါသည်။ **(၅-မှတ်)(မြန်။ ၂၃၁။)(စာပိုဒ်။ ၄၈၀။)**

••••••••••••••••••••••••••••••••••••••••

၁၀-မေး။ ကောသလတိုင်း မနသာဋကရွာ၌ တည်းခိုနေကြသည့် ပုဏ္ဏားများကို ဖော်ပြ၍၊ သေပြီးသည်နောက် ဗြဟ္မာ့ပြည်သို့ ရောက်နိုင်သော အကြောင်းများကိုလည်း ဖြေဆိုခဲ့ပါ။

**ဖြေ။ မနသာဋကရွာ၌ တည်းခိုနေကြသည့် ပုဏ္ဏားများ —**

၁။ စင်္ကီပုဏ္ဏား၊ ၂။ တာရုက္ခပုဏ္ဏား၊ ၃။ ပေါက္ခရသာတိပုဏ္ဏား၊ ၄။ ဇာဏုသောဏိပုဏ္ဏား၊ ၅။ တောဒေယျပုဏ္ဏား၊ ၆။ အလွန်ထင်ရှားကျော်စောကုန်သော အခြားပုဏ္ဏား သူဌေးများ ဖြစ်ကြပါသည်။

**(၆-မှတ်)(မြန်။ ၂၅၃။)(စာပိုဒ်။ ၅၁၉။)**

**ဗြဟ္မာ့ပြည်သို့ ရောက်စေနိုင်သော အကြောင်းတရားများ**

၁။ ရန်နှင့်ယှဉ်သော စိတ်မရှိခြင်း

၂။ မခံ့ကျန်းသော စိတ်မရှိခြင်း

၃။ ညစ်နွမ်းသော စိတ်မရှိခြင်း

၄။ မိမိစိတ်ကို အလိုအတိုင်း ဖြစ်စေနိုင်ခြင်းတို့ ဖြစ်ပါသည်။ **(၄-မှတ်)(မြန်။ ၂၆၇။)(စာပိုဒ်။ ၅၅၇။)**

## ၁၃၈၀ ခု.(2018)

### အုပ်စု ၂၊ သုတ္တန္တပိဋက သီလက္ခန္ဓပါဠိတော် မြန်မာပြန်မေးခွန်း

### အဖြေ

**ပုစ္ဆာ**

၁။ အဇာတသတ်မင်း ဇီဝကဏ်သရက်ဥယျာဉ်သို့ ထွက်တော်မူပုံကို ရေးသားပြ၍ ဇီဝကအား သံသယဖြင့် မေးသော မေးခွန်းတို့နှင့် အဇာတသတ်မင်းအား ဇီဝက၏ အားပေးနှစ်သိမ့်ပုံ စကားရပ်တို့ကိုလည်း ဖြေဆိုပါ။

**အဖြေ ။ ။ ၁**

+ ထိုအခါ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင်အဇာတသတ်မင်းသည် ဆင်မငါးရာတို့၌ မောင်းမတို့ကို တစ်ဦးစီ စီးစေ၍ စီးတော်ဆင်ကို ကိုယ်တိုင်စီးပြီးလျှင် မီးရှူးတိုင်တို့ကို ဆောင်စေလျက် ကြီးစွာသော မင်း၏ ကျက်သရေဖြင့် ရာဇဂြိုဟ်ပြည်မှထွက်၍ အဘယမင်းသားမွေးစားသော ဇီဝက၏သရက်ဥယျာဉ်သို့သွားလေ၏။

+ အချင်းဇီဝက ငါ့ကိုမလှည့်ပတ်သည်မှန်၏လော အချင်းဇီဝက ငါ့ကို မဖြားယောင်းသည်မှန်၏လော အချင်းဇီဝက ငါ့ကို ရန်သူတို့အား မအပ်နင်းသည်မှန်၏လော တစ်ထောင့်နှစ်ရာ့ငါးကျိပ်မျှရှိသော မြောက်များသော ရဟန်းသံဃာ၏ ချေဆတ်သံ ချောင်းဟန့်သံ စကားပြောသံသည် အဘယ့်ကြောင့်မဖြစ်ဘိသနည်းဟု ဆို၏။

+ မင်းကြီး ကြောက်တော်မမူပါလင့် ကြောက်တော်မမူပါလင့် မင်းမြတ် သင့်ကို မလှည့်ပတ်ပါ မင်းမြတ် သင့်ကို မဖြားယောင်းပါ မင်းမြတ် သင့်ကို ရန်သူတို့အား မအပ်နင်းပါ မင်းကြီး ရှေ့သို့ကြွတော်မူပါလော မင်းကြီး ရှေ့သို့ကြွတော်မူပါလော တန်ဆောင်းဝန်း၌ ဤဆီမီးတို့သည် တောက်ပလျက်ရှိပါကုန်၏ဟု လျှောက်၏။
(ပိုဒ်ရေ ၁၅၉)

ပုစ္ဆာ

၂။ ပူရဏကဿပ တိတ္ထိဆရာကြီး၏ အယူဂါဒကို ရေးသားပြ၍ နောက်ဆုံးမဖျိုမသီလ၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုပါ။

အဖြေ ။ ။ ၂

၂။ + မင်းကြီး ပြုသူ ပြုစေသူ ဖြတ်သူ ဖြတ်စေသူ နှိပ်စက်သူ နှိပ်စက်စေသူ ပူဆွေးအောင်ပြုသူ ပြုစေသူ ပင်းပန်းအောင် ပြုသူ ပြုစေသူ တုန်လှုပ်သူ တုန်လှုပ်စေသူ အသက်ကိုသတ်သူ သတ်စေသူ ခိုးယူသူ ခိုးယူစေသူ အိမ်ကိုဖောက်ထွင်းသူ ဖောက်ထွင်းစေသူ ရွာကိုတိုက်ခိုက်လုယူသူ လုယူစေသူ တစ်အိမ်ထဲကို တိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ လမ်းခရီး၌စောင့်၍လုယက်သူ လုယက်စေသူ သူ့မယားကို သွားလာသူ သွားလာစေသူ မမှန်စကားကိုပြောသူ ပြောစေသူများသည် မကောင်းမှုကိုပြုသော်လည်း ပြုသည်မမည်။ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်တုန်းသွားစက်ဖြင့် တစ်ခုတည်းသော အသားစု အသားပုံ ဖြစ်အောင် အကယ်ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှုမရှိ၊ မကောင်းမှု ဖြစ်ခြင်းမရှိ ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်း၌ နေသောသူသည်လည်း အသက်ကိုသတ်လျက် သတ်စေလျက် ဖြတ်လျက် ဖြတ်စေလျက် နှိပ်စက်လျက် နှိပ် စက်စေလျက် သွားစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှုမရှိ၊ မကောင်းမှုဖြစ်ခြင်းမရှိ ။ ဂင်္ဂါမြစ်၏ မြောက်ဘက်း၌ နေ သောသူသည်လည်း လှူလျက် လှူစေလျက် ပူဇော်လျက် ပူဇော်စေလျက် သွားစေကာမူ ထိုအကြောင်းကြောင့် ကောင်းမှု မရှိ ကောင်းမှုဖြစ်ခြင်းမရှိ အလှူပေးခြင်း ဣန္ဒြေကိုဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှုမရှိ ကောင်းမှုဖြစ်ခြင်းမရှိ။( ပိဋိရေ၊ ၁၆၅)

+ အချို့သော သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် လာဘ်အလို့ငှာ အံ့ဖွယ်လည်းဖြစ်စေကုန်၏။ မြောက်ပင့်၍လည်း ပြောကုန်၏။ အရိပ်အခြည်လည်း ပြကုန်၏။ အတင်းအကြပ်လည်း ပြုကုန်၏။ လာဘ်ဖြင့် လာဘ်ကိုလည်း ရှာမှီးကုန်၏။ ရဟန်းသည် ဤသို့သော လာဘ်အလို့ငှာ အံ့ဖွယ်ဖြစ်စေခြင်း မြောက်ပင့် ခြင်းမှရှောင်ကြဉ်၏။ (ပိဋိရေ၊ ၂၀၄)

ပုစ္ဆာ

၃။ အမွှလုလင်ကိုမြင်ရသော ရဟန်းတို့၏အကြံဖြစ်ပုံကို ဖော်ပြ၍ မြတ်စွာဘုရားအား ပုတ်ခတ်ရှုတ်ချ စွပ်စွဲလို၍ ပထမဆုံးဇာတ်နိမ့်ဟူသော စကားတို့ဖြင့် ထိုးနက်ပြောဆိုပုံကိုလည်း ဖြေဆိုပါ။

အဖြေ ။ ။ ၃

+ ဤအမ္ဗဋ္ဌလုလင်သည် ထင်ရှားသောအမျိုး၌လည်းဖြစ်၏ ထင်ရှားသော ပေါက္ခရသာတိပုဏ္ဏား၏ တပည့်လည်း ဖြစ်၏။ ဤသို့သော အမျိုးကောင်းသားတို့နှင့်အတူ စကားပြောဆိုမှုသည် မြတ်စွာဘုရားအား ဝန်လေးမည်မဟုတ်။ (ပိုဒ် ၊ ၂၆၁)

+ အရှင်ဂေါတမ သာကီဝင်မင်းမျိုးသည် ခက်ထန်၏ အရှင်ဂေါတမ သာကီဝင်မင်းမျိုးသည် ကြမ်းတမ်း၏ အရှင်ဂေါတမ သာကီဝင်မင်းမျိုးသည် စိတ်သဘောနု၏ အရှင်ဂေါတမ သာကီဝင်မင်းမျိုးသည် စကားများ၏ ဇာတ်နိမ့်တို့ဖြစ်ကုန်လျက် ပုဏ္ဏားတို့ကို မရိုသေကုန် ပုဏ္ဏားတို့ကို အလေးမပြုကုန် ပုဏ္ဏားတို့ကို မမြတ်နိုးကုန် ပုဏ္ဏားတို့ကို မပူဇော်ကုန် ပုဏ္ဏားတို့ကို မတုပ်ဝပ်ကုန် အရှင်ဂေါတမ ဤသာကီဝင်မင်းတို့သည် ဇာတ်နိမ့်တို့ဖြစ်ကုန်လျက် ပုဏ္ဏားတို့ကို မရိုသေခြင်း အလေးမပြုခြင်း မမြတ်နိုးခြင်း မပူဇော်ခြင်း မတုပ်ဝပ်ခြင်းသည် မသင့်လျော် မလျောက်ပတ်ပါ။ (ပိုဒ် ၊ ၂၆၄)

ပုစ္ဆာ

၄။ ဝိဇ္ဇာစရဏပျက်စီးကြောင်း ၄-မျိုးတို့တွင် ၃-ခုမြောက် ပျက်စီးကြောင်းကိုဖြေဆို၍ အမ္ဗဋ္ဌလုလင် သံသယ ဖြစ်သော မြတ်စွာဘုရား၏ မဟာပုရိသ လက္ခဏာ ၂-မျိုးကိုလည်း ဖော်ပြပါ။

အဖြေ ။ ။ ၄

+ ဤလောက၌ အချို့သော သမဏသည်လည်းကောင်း ဗြာဟ္မဏသည်လည်းကောင်း အတုမရှိသော ဤအသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနှင့်ပြည့်စုံခြင်းသို့လည်း မရောက်နိုင်သည်ဖြစ်၍ ကြွေကျသောသစ်သီးကိုသာ စားသူအဖြစ်သို့လည်း မရောက်နိုင်သည်ဖြစ်၍ သစ်ဖုသစ်မြစ်သစ်သီးကိုသာ စားသူအဖြစ်သို့လည်း မရောက်နိုင်သည်ဖြစ်၍ ရွာ၏အနီး၌၄င်း နိဂုံး၏ အနီး၌၄င်း မီးပူဇော်ရာ အိမ်ကိုဆောက်၍ မီးကိုလုပ်ကျွေးလျက်နေ၏။ စင်စစ်သော်ကား ထိုသူသည် အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည့်စုံသူ၏ အလုပ်အကျွေးမျှသာလျှင်ဖြစ်၏။ (ပိုဒ် ၊ ၂၈၁)

+ အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ် ၊ ရှည်ပြန့်သော လျှာတော် ။ (ပိုဒ် ၊ ၂၈၇)

ပုစ္ဆာ

၅။ အခြားသော ပုဏ္ဏားတို့က သောဏဒဏ္ဍပုဏ္ဏားအား မြတ်စွာဘုရားထံ မချဉ်းကပ်သင့်ကြောင်း ပြောဆိုသော အကြောင်းတို့တွင် ပထမဆုံး အကြောင်းကိုဖော်ပြ၍ လည်းကောင်းပုဏ္ဏားတို့က မြတ်စွာဘုရားအား အဘယ်ကဲ့သို့ မှတ်ချက်ပြုပြောဆိုကြပါသနည်း ဖြေဆိုပါ။

အဖြေ ။ ။ ၅

\+ အသျှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို မချဉ်းကပ်ပါလင့် အသျှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ အသျှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် အကယ်၍ ချဉ်းကပ်ငြားအံ့။ အသျှင်သောဏဒဏ္ဍ၏ ကျော်စောသတင်းသည် ဆုတ်ယုတ်ပါလတ့်။ ရဟန်းဂေါတမ၏ ကျော်စောသတင်းသည် တိုးပွားပါလတ့်။ အကြင်အကြောင်းကြောင့် အသျှင်သောဏဒဏ္ဍ၏ ကျော်စောသတင်းသည် ဆုတ်ယုတ်လတ့်။ ရဟန်းဂေါတမ၏ ကျော်စောသတင်းသည် တိုးပွားလတ့်။ ဤအကြောင်းကြောင့်လည်း အသျှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ။ ရဟန်းဂေါတမသည်သာ အသျှင်သောဏဒဏ္ဍကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါ၏။ (ပိုဒ် ၊ ၃၀၃)

\+ ရဟန်းဂေါတမ၏ ဂုဏ်တို့ကို ချီးကျူးသော အသျှင်သောဏဒဏ္ဍ၏ စကားအတိုင်းဆိုလျှင် ထိုအရှင်ဂေါတမသည် ဤမှ ယူဇနာတစ်ရာအရပ်၌ နေစေကာမူ သဒ္ဓါတရားရှိသော အမျိုးသားသည် ရိက္ခာထုပ်ဆောင်၍သော်လည်း ဖူးမြော်ရန် ချဉ်းကပ်သင့်သည်သာတည်း။ အသျှင်သောဏဒဏ္ဍ သို့ဖြစ်၍ အကျွန်ုပ်တို့အားလုံးပင် ရဟန်းဂေါတမကို ဖူးမြော်ရန်ချဉ်းကပ်ပါကုန်အံ့။ (ပိုဒ် ၊ ၃၀၅)

ပုစ္ဆာ

၆။ မြတ်စွာဘုရားအား ဩဋ္ဌဒ္ဓလိစ္ဆဝီမင်း ပထမဆုံးမေးမြန်းလျှောက်ထားသော မေးခွန်းစကားရပ်တို့ကို ဖြေဆို၍ ထိုဩဋ္ဌဒ္ဓလိစ္ဆဝီမင်း မြတ်စွာဘုရားနှင့်တွေ့ဆုံနိုင်ရန် စီစဉ်ပေးသူ၏အမည် တွေ့ဆုံရာ နေရာအရပ်တို့ကိုလည်း ဖော်ပြပါ။

အဖြေ ။ ။ ၆

\+ အရှင်ဘုရား ယခင့်ယခင်နေ့တို့၌ လိစ္ဆဝီမင်းသား သုနက္ခတ္တသည် အကျွန်ုပ်ထံသို့ ချဉ်းကပ်၍ အကျွန်ုပ်အား ဤစကားကိုပြောပါ၏။ မဟာလိ ငါသည် မြတ်စွာဘုရားကို အမှီပြု၍ နေခဲ့သည်မှာ မကြာမြင့်လှပါ အစအဆုံး သုံးနှစ်သာဖြစ်ပါ၏။ ထိုကာလအတွင်း၌ ငါသည်ချစ်ဖွယ်သော သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အဆင်းရူပါရုံတို့ကိုမြင်ရ၏။ သို့သော်လည်း အသံသဒ္ဒါရုံတို့ကိုကား မကြားရပါဟု ပြောပါ၏။ အရှင်ဘုရား လိစ္ဆဝီမင်းသား သုနက္ခတ္တသည် ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အသံသဒ္ဒါရုံတို့ကို ထင်ရှားရှိလျက်ပင် မကြားလေသလော။ သို့မဟုတ် ထင်ရှားမရှိ၍ မကြားလေသလောဟု လျှောက်၏။ (ပိုဒ် ၊ ၃၆၄)

\+ သီဟာသာမဏော၊ ကျောင်းအရိပ် ။ (ပိုဒ် ၊ ၃၆၃)

ပုစ္ဆာ

၇။ ရှင်ရဟန်းအဖြစ်တောင်းခံသော အစေလကဿပအား မြတ်စွာဘုရား မိန့်ကြားပုံနှင့် ဘုရားရှင်အား ပြန်လည်လျှောက်ထားပုံတို့ ဖြေဆို၍ မဟာသီဟနာဒသုတ္တန် ဟောကြားရာအရပ်ဒေသကိုလည်း ဖော်ပြပါ။

အဖြေ ။ ။ ၇

+ ကဿပ သာသနာတော်မှတပါးသော အယူရှိသည့် တိတ္ထိဖြစ်ဘူးသောသူသည် ဤသာသနာတော်၌ ရှင့်အဖြစ်ကို ရလိုမူ ရဟန်းအဖြစ်ကိုရလိုမူ လေးလတို့ပတ်လုံး အစမ်းကျင့်သုံးရ၏။ လေးလလွန်သောအခါ ရဟန်းတို့သည် ကျေနပ်သော စိတ်ရှိကြလျှင် ရှင်ပြုပေးကုန်လတ့်၊ ရဟန်းအဖြစ်သို့ မြှင့်တင်ပေးကုန်လတ့်။ သို့သော် ဤအရာ၌ ငါသည်ကား ပုဂ္ဂိုလ်တို့၏ ခြားနားသည့်အဖြစ်ကိုသိသေး၏ အရှင်ဘုရား သာသနာတော်မှတပါးသော အယူရှိသည့် တိတ္ထိဖြစ်ဘူးသောသူတို့သည် ဤသာသနာတော်၌ အကယ်၍ ရှင့်အဖြစ်ကိုရလိုမူ ရဟန်းအဖြစ်ကိုရလိုမူ လေးလတို့ပတ်လုံး ကျင့်သုံးရကုန်ငြားအံ့၊ လေးလလွန်သောအခါ ရဟန်းတို့သည် ကျေနပ်သောစိတ်ရှိကြလျှင် ရှင်ပြုပေးကုန်ငြားအံ့ ရဟန်းအဖြစ်သို့ မြှင့်တင်ပေးကုန် ငြားအံ့၊ အကျွန်ုပ်သည် လေးနှစ်ပတ်လုံး အစမ်းလေ့ကျင့်ပါမည်။ လေးနှစ်လွန်သောအခါ ရဟန်းတို့သည် ကျေနပ်သော စိတ်ရှိကြလျှင် ရှင်ပြုပေးတော်မူကြပါစေ။ ရဟန်းအဖြစ်သို့မြှင့်တင်ပေးတော်မူကြပါစေဟု ကဿပတက္ကတွန်းသည် လျှောက်၏။( ပိုဒ် ၊ ၄၇၅)

+ ဥရုညမြို့အနီး သားတို့ကိုဘေးမဲ့ပေးရာဖြစ်သော ကဏ္ဏကတ္ထလအရပ်။ (ပိုဒ် ၊ ၃၈၁)

ပုစ္ဆာ

၈။ မြတ်စွာဘုရားချီးမွမ်းသော ခန္ဓာ ၃-မျိုးကိုဖော်ပြ၍ ‹ ‹ ရောင့်ရဲမှုသာ အမြတ်ဆုံးဥစ္စာ› ဟု ပြောဆိုနေကြရာ ရောင့်ရဲ လွယ်သော ရဟန်းဟူသည် အဘယ်ပါနည်း ဥပမာ ဥပမေယျပြ၍ ဖြေဆိုပါ။

အဖြေ ။ ။ ၈

+ သီလက္ခန္ဓာ= သီလအစု ၊ သမာဓိက္ခန္ဓာ= သမာဓိအစု ၊ ပညာက္ခန္ဓာ= ပညာအစု ။(ပိုဒ် ၊ ၄၄၉)

+ လုလင် ဤသာသနာတော်၌ ရဟန်းသည် ကိုယ်ကိုမျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကိုမျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏။ ထိုရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့်အတူ ပရိက္ခရာမျှသာ ရှိသဖြင့်) တပါတည်းယူပြီး ဖြစ်၍သာလျှင် သွား၏။ လုလင် အတောင်ရှိသောငှက်သည် ပျံလေရာရာသို့ မိမိအတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံဘိသကဲ့သို့ လုလင် ဤအတူ ရဟန်းသည် ကိုယ်ကိုမျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကိုမျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ ၏။ ထိုရဟန်းသည် သွားလေရာရာသို့ ကိုယ်နှင့်အတူပါမြဲ ပရိက္ခရာမျှသာရှိသဖြင့် တပါတည်း ယူပြီးဖြစ်၍သာလျှင် သွား၏။ လုလင် ရဟန်းသည် ဤသို့လျှင် ရောင့်ရဲလွယ်ပေ၏။ (၄၅၆)

မေး ၉။ လောဟိစ္စပုဏ္ဏား၏ ယုတ်မာသော မိစ္ဆာအယူကိုဖော်ပြ၍ မြတ်စွာဘုရား၏ တရားတော်ကို နာကြားပြီးသည်၏ အဆုံး၌ ဘုရားရှင်အား ပြန်လည်လျှောက်ကြားသော စကားတို့ကိုလည်း ပြည့်စုံစွာ ရေးသားပြပါ။

ဖြေ ၉။ ဤလောက၌ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ ကုသိုလ်တရားကိုရနိုင်ပါ၏ သို့သော် ကုသိုလ်တရားကိုရပြီးလျှင် တစ်ပါးသောသူအား မပြောသင့်ပေ ။ တစ်ပါးသောသူသည် တစ်ပါးသော သူအား အဘယ်ပြုအံ့နည်း၊ ဟောပြောခြင်းသည် အနှောင်အဖွဲ့အဟောင်းကို ဖြတ်၍ အခြားအနှောင် အဖွဲ့အသစ်ကို ပြုသည်နှင့်တူ၏။ ထို့ကြောင့် ဤဟော ပြောခြင်းကို ယုတ်မာသော လောဘတရားဟု ငါဆို၏။ တစ်ပါးသောသူအား အဘယ်ပြုအံ့နည်း။ (၅၀၁)

အရှင်ဂေါတမ ယောကျ်ားတစ်ယောက်သည် နရက်ချောက်သို့ကျသော ယောကျ်ားအား ဆံပင် တို့ကို ဆုပ်ကိုင်လျက် ဆွဲတင်ကာ ကုန်းပေါ်၌တည်စေသကဲ့သို့ ဤနည်းတူပင် အရှင်ဂေါတမသည် နရက်သို့ကျသော အကျွန်ုပ်ကို ဆွဲတင်ကာ ကုန်းပေါ်၌ တည်စေပါ၏။ အရှင်ဂေါတမ တရားတော် သည် အလွန်နှစ်သက်ဖွယ်ရှိပါပေစွ။ အရှင်ဂေါတမတရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေစွ။ အရှင်ဂေါတမ မှောက်ထားသည်ကို လှန်ဘိသကဲ့သို့လည်းကောင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိ သကဲ့သို့လည်းကောင်း မျက်စိလည်သောသူအား လမ်းမှန်ကိုပြောကြားဘိသကဲ့သို့ လည်းကောင်း မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့လည်းကောင်း ၊ အရှင်ဂေါတမ ဤအတူသာလျှင် အရှင်ဂေါတမသည်များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏။ အရှင်ဂေါတမ အကျွန်ုပ်သည် အရှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အရှင်ဂေါတမသည် ကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ။ (ပိုဒ် ၊ ၅၁၇)

မေး ၁၀။ အောက်ပါတို့ကို အသီးအသီး ဖြေဆိုခဲ့ပါ။

(က) ကူဋဒန္တသုတ် ဟောကြားရာအရပ်

(ခ) ပေါဋ္ဌပါဒပရိဗိုဇ်၏ နေရာအရပ်နှင့် ပရိသတ်အရေအတွက်

(ဂ) တန်ခိုးပြာဋိဟာပြရန် လျှောက်ထားသူအမည်နှင့် နေရပ်

(ဃ) တေဝိဇ္ဇသုတ်ဟောကြားရာအရပ်

(င) မဂ္ဂါမဂ္ဂကထာမေးမြန်းသော ပုဏ္ဏားတို့၏ အမည်

ဖြေ ၁၀။(က) ခါဏုမတမည်သော ပုဏ္ဏားရွာ၏အနီး အမ္ဗလဋ္ဌိကဥယျာဉ် (ပိုဒ် ၊၃၂၃)

(ခ) တည်ပင်စည်းတန်းရှိသော ဧကသာလကမည်သော အယူဟောပြောပွဲကျင်းပရာ မလ္လိကာ၏အရာမ် ၊ ပရိဗိုဇ် သုံးရာ(ပိုဒ် ၊ ၄၀၆)

(ဂ) ကေဝဋ္ဋအမည်ရှိသော သူကြွယ်၏သား ၊ နာဠန္ဒာမြို့ (ပိုဒ် ၊ ၄၈၁)

(ဃ) ကောသလတိုင်း မနသာကဋမည်သော ပုဏ္ဏားရွာ၏မြောက်ဘက် အစိရဝတီ မြစ်ကမ်းနား သရက်တော ( ၅၁၈)

(င) ဝါသေဋ္ဌ , ဘာရဒွါဇ (ပိုဒ် ၊ ၅၁၈)

## ၂၀၁၉ (၁၃၈၁) ခုနှစ်၊ ပိဋကသုံးပုံ မြန်မာပြန် စာမေးပွဲ
## သီလက္ခန်ဋီတော် မြန်မာပြန်မေးခွန်းနှင့် အဖြေများ

၁။ အဇာတသတ်မင်း တန်ဆောင်မုန်းလပြည့်နေ့ ညဉ့်အခါ ကောင်းကင်က လပြည့်ဝန်းကြီးကို ကြည့်ပြီး ဥဒါန်းကျူးရင့်ပုံနှင့် တိတ်ဆိတ်ငြိမ်သက်နေသော ရဟန်းသံဃာအပေါင်းကို အဖန်ဖန်ကြည့်ရှုပြီး ဖြစ်ပေါ်လာသော ဥဒါန်းကျူးရင့်ပုံတို့ကိုလည်း ရေးသားခဲ့ပါ။

အချင်းတို့ လသာသော ညဉ့်သည် မွေ့လျော်ဖွယ် ကောင်းစွတကား၊ အချင်းတို့ လသာသော ညဉ့်သည် အလွန်လှပစွတကား၊ အချင်းတို့ လသာသော ညဉ့်သည် ရှုချင်ဖွယ် ကောင်းစွတကား၊ အချင်းတို့ လသာသော ညဉ့်သည် ကြည်နူးဖွယ် ကောင်းစွတကား၊ အချင်းတို့ လသာသော ညဉ့်သည် မှတ်သားဖွယ် ကောင်းစွတကား၊ ယနေ့ အဘယ် သမဏ ဗြာဟ္မဏကို ငါတို့ ဆည်းကပ်ရပါကုန်အံ့နည်း၊ အဘယ် သမဏ ဗြာဟ္မဏကို ဆည်းကပ်လျှင် ငါတို့၏ စိတ်သည် ကြည်လင်ရာပါအံ့နည်းဟု ကျူးရင့်၏။ (နှာ-၄၉၊ ပိုဒ်၁၅၀) (၅-မှတ်)

ယခုအခါ ရဟန်းသံဃာသည် အကြင်ငြိမ်သက်ခြင်းနှင့် ပြည့်စုံ၏။ ငါ၏(သား) ဥဒယဘဒ္ဒမင်းသားသည် ဤငြိမ်သက်ခြင်းနှင့် ပြည့်စုံပါစေသတည်းဟု ဥဒါန်းကျူးရင့်၏။

(နှာ ၅၃၊ ပိုဒ် ၁၆၀)

၂။ အဇာတသတ်မင်း မြတ်စွာဘုရားထံ ဥပါသကာအဖြစ် ခံယူပြီးနောက် လျှောက်ကြားသော စကားတို့ကို ရေးသားပြီးလျှင် မြတ်စွာဘုရားက တစ်ဖန်ဟောကြားသော တရားဒေသနာကိုလည်း ရေးသားခဲ့ပါ။

အရှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် အကျွန်ုပ်ကို လွှမ်းမိုးသွားခဲ့ပါ၏၊ အကျွန်ုပ်သည် တရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကို မင်းစည်းစိမ်ဟူသော အကြောင်းကြောင့် သတ်ခဲ့မိပါ၏၊ မြတ်စွာဘုရားသည် ထိုအကျွန်ုပ်၏ အပြစ်ကို နောင်အခါ စောင့်စည်းခြင်းငှါ အပြစ်ဟု လက်ခံတော်မူပါ အရှင်ဘုရား ဟု လျှောက်၏။ (နှာ ၈၉၊ ပိုဒ် ၂၅၀)( ၅ မှတ်)

မင်းကြီး မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် သင့်ကို စင်စစ်လွှမ်းမိုးသွားခဲ့၏၊ သင်သည် တရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကို သတ်ခဲ့မိ၏၊ မင်းကြီး သင်သည် အပြစ်ကို အပြစ်ဟု မြင်၍ အပြစ်အားလျော်စွာ ကုစားသောကြောင့် သင်၏ ထို(အပြစ်)ကို (အပြစ်)ဟု ငါတို့ လက်ခံကုန်၏၊ မင်းကြီး အကြင်သူသည် အပြစ်ကို အပြစ်ဟု မြင်၍ အကြောင်းအားလျော်စွာ ကုစား၏၊ နောင်အခါ စောင့်စည်း၏၊ (ထိုသူ၏) ဤ (ကုစားစောင့်စည်းခြင်း)သည် အရိယာ၏ ဝိနည်းအဆုံးအမ၌ ကြီးပွားခြင်းပင်တည်းဟု မိန့်တော်မူ၏။
(နှာ ၈၉၊ ပိုဒ် ၂၅၁) (၅ မှတ်)

၃။ အမ္ဗဋ္ဌလုလင်သည် သာကီဝင်မင်းတို့ကို ဇာတ်နိမ့်ဟူသောစကားဖြင့် ရှုတ်ချရာ သုံးကြိမ်မြောက် ရှုတ်ချပြောဆိုပုံကို ရေးသား၍ သာကီဝင်မင်းသား (သကျ)အမျိုးအနွယ် ဖြစ်ပေါ်လာပုံကိုလည်း အမ္ဗဋ္ဌသုတ်လာအတိုင်း ရေးသားခဲ့ပါ။

အရှင်ဂေါတမ မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲ ဟူသော ဤအမျိုးလေးပါးတို့ ရှိကုန်၏။ အရှင်ဂေါတမ ဤအမျိုးလေးပါးတို့တွင် မင်း ကုန်သည် သူဆင်းရဲဟူသော အမျိုးသုံးပါးတို့သည် ပုဏ္ဏားမျိုး၏ အလုပ်အကျွေးသာ စင်စစ်ဖြစ်ကုန်၏၊ အရှင်ဂေါတမ ဤသာကီဝင်မင်းတို့သည် ဇာတ်နိမ့်ဖြစ်ကုန်လျက် ပုဏ္ဏားတို့ကို မရိုသေခြင်း အလေးမပြုခြင်း မပူဇော်ခြင်း မတုပ်ဝပ်ခြင်းသည် မသင့်လျော် မလျောက်ပတ်ပါ။

ဤသို့လျှင် အမ္ဗဋ္ဌလုလင်သည် သာကီဝင်မင်းတို့ကို ဤဇာတ်နိမ့်ဟူသော စကားဖြင့် သုံးကြိမ်မြောက် ရှုတ်ချပြောဆို၏။ (နှာ ၉၆၊ ပိုဒ် ၂၆၆) (၅ မှတ်)

အမ္ဗဋ္ဌ သာကီဝင်မင်းတို့သည် ဥက္ကာကမင်းကို အဘိုးအရာ၌ ထားကုန်၏၊ အမ္ဗဋ္ဌ ရှေး၌ ဖြစ်ဖူးသည်ကား ဥက္ကာကမင်းသည် ချစ်ခင်မြတ်နိုးသော မိဖုရား၏ သားတော်အား မင်းအဖြစ်ကို ဆောင်နှင်းတော်မူလို၍ ဥက္ကာမုခ ဟတ္ထိနိက သိနိသူရ ဟူသော သားတော်ကြီးတို့ကို တိုင်းပြည်မှ နှင်ထုတ်တော်မူ၏။ တိုင်းပြည်မှ နှင်ထုတ်ခံရကုန်သော ထိုသားတော်ကြီးတို့သည် ဟိမဝန္တာနံပါး ရေကန်၏အနီး ကျွန်းတောအုပ်ကြီး၌ နေကုန်၏၊ ထို(သားတော်ကြီး)တို့သည် အမျိုးပျက်မည် ကြောက်သဖြင့် မိမိတို့၏ နှမတို့နှင့် အိမ်ထောင်ပြုကုန်၏။

ထိုအခါ ဥက္ကာကမင်းသည် အချင်းတို့ သားတော်တို့သည် စွမ်းနိုင်ကုန်စွတကား အချင်းတို့ သားတော်တို့သည် အလွန် စွမ်းနိုင်ကုန်စွတကားဟု ဥဒါန်းကျူးရင့်လေ၏။ အမ္ဗဋ္ဌ ထိုဥဒါန်းကို အစွဲပြု၍ သာကီဝင်မင်းတို့သည် (သကျဟု) ထင်ရှားကုန်၏။ (နှာ ၉၇၊ ပိုဒ် ၂၆၇) (၅ မှတ်)

၄။ အဘယ်သို့သော စွဲလမ်းခြင်းတို့ကို ပယ်စွန့်မှ အတုမရှိသော အသိဉာဏ် အကျင့်စရဏနှင့်ပြည့်စုံမှုကို မျက်မှောက်ပြုနိုင်ပါသနည်း၊ ဖြေဆို၍ ပုဏ္ဏားတို့၏ လက်ဦးဆရာ ဖြစ်ကုန်သော ဝေဒကျမ်းပြုများဖြစ်၍ ဝေဒကျမ်းတို့ကိုလည်း ပို့ချကြသော ရသေ့အမည်တို့ကိုလည်း ရေးသားခဲ့ပါ။

အမ္ဗဋ္ဌ ဇာတ်ကို စွဲ၍ဖြစ်သော စကား၌ စွဲလမ်းခြင်းကိုငှ်း အနွယ်ကို စွဲ၍ဖြစ်သော စကား၌ စွဲလမ်းခြင်းကိုငှ်း မာန်ကို စွဲ၍ဖြစ်သော စကား၌ စွဲလမ်းခြင်းကိုငှ်း သမီးဆောင်ယူ၍ ထိမ်းမြားခြင်း သမီးပေး၍ ထိမ်းမြားခြင်း၌ စွဲလမ်းခြင်းကိုငှ်း ပယ်မှသာလျှင် အတုမရှိသော အသိဉာဏ်ဝိဇ္ဇာ၊ အကျင့် စရဏနှင့် ပြည့်စုံမှုကို မျက်မှောက်ပြုနိုင်၏။ (နှာ ၁၀၄၊ ပိုဒ်၂၇၈) (၅ မှတ်)

အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့ ဝေဿာမိတ္တရသေ့ ယမဒဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့တို့တည်း။ (နှာ ၁၀၈၊ ပိုဒ် ၂၈၅) (၅ မှတ်)

၅။ မြတ်စွာဘုရားထံ ချဉ်းကပ်ထိုက်သော အကြောင်းအမျိုးမျိုးတို့ကို ပုဏ္ဏားတို့အား ပြောဆိုပြီး ပုဏ္ဏားတို့က သောဏဒဏ္ဍပုဏ္ဏားအား ပြောဆိုပုံတို့ကို ရေးသား၍ သောဏဒဏ္ဍပုဏ္ဏား မြတ်စွာဘုရားထံ ချဉ်းကပ်စဉ် တောအုပ်အလွန်သို့ ရောက်သောအခါ နှစ်ခုမြောက်စိတ် အကြံ ဖြစ်ပုံကိုလည်း ရေးသားခဲ့ပါ။

ပုဏ္ဏားတို့သည် သောဏဒဏ္ဍပုဏ္ဏားအား ဤသို့ ပြန်ကြား ပြောဆိုကုန်၏-----

ရဟန်းဂေါတမ၏ ဂုဏ်တို့ကို ချီးကျူးသော အရှင်သောဏဒဏ္ဍ၏ စကားအတိုင်းဆိုလျှင် ထိုအရှင်ဂေါတမသည် ဤမှ ယူဇနာတစ်ရာအရပ်၌ နေစေကာမူ သဒ္ဓါတရားရှိသော အမျိုးသားသည် ရိက္ခာထုပ်ဆောင်၍သော်လည်း ဖူးမြော်ရန် ချဉ်းကပ်သင့်သည်သာတည်း၊ အရှင်သောဏဒဏ္ဍ သို့ဖြစ်၍ အကျွန်ုပ်တို့အားလုံးပင် ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ပါကုန်အံ့ ဟု ပြန်ကြား ပြောဆိုကုန်၏။ ( နာ ၁၂၂၊ ပိုဒ် ၃၀၅) ( ၅ မှတ်)

ငါ့ကိုမူလည်း ရဟန်းဂေါတမသည် ပြဿနာမေးငြားအံ့၊ ငါသည်လည်း ပြဿနာဖြေဆိုခြင်းဖြင့် ရဟန်းဂေါတမ၏စိတ်ကို မနှစ်သက်စေနိုင်ငြားအံ့၊ ထိုသို့မနှစ်သက်စေနိုင်ခဲ့သော် ရဟန်း ဂေါတမသည် ပုဏ္ဏား ဤပြဿနာကို ဤသို့မဖြေဆိုထိုက်၊ ဤသို့သာ ဖြေဆိုထိုက်၏ဟု အကယ်၍ ငါ့ကိုဆိုငြားအံ့၊ ထိုသို့ဆိုခြင်းကြောင့် ဤပရိသတ်က သောဏဒဏ္ဍပုဏ္ဏားသည် မိုက်၏ မလိမ္မာ၊ ပြဿနာဖြေဆိုခြင်းဖြင့် ရဟန်းဂေါတမ၏စိတ်ကို နှစ်သက်စေခြင်းငှာ မစွမ်းနိုင်ဟု ငါ့ကို ကဲ့ရဲ့ရာ၏။ ဤပရိသတ်၏ အကဲ့ရဲ့ခံရသူအား ကျော်စောခြင်းသည်လည်း ဆုတ်ယုတ်ရာ၏၊ ကျော်စောခြင်း ဆုတ်ယုတ်သူအား စည်းစိမ်တို့သည်လည်း ဆုတ်ယုတ်ကုန်ရာ၏ စင်စစ် ငါတို့သည် စည်းစိမ်တို့ကို ကျော်စောခြင်းကြောင့်ရကုန်၏ ဤသို့ကြံ၏။ (နာ ၁၂၂/ ၁၂၃၊ ပိုဒ် ၃၀၆) ( ၅ မှတ်)

၆။ ပုဏ္ဏားဖြစ်ထိုက်သော အင်္ဂါရပ်တို့ကို သောဏဒဏ္ဍပုဏ္ဏားအလိုကျ ပြည့်စုံစွာ ရေးသားခဲ့ပါ။

(၁) အမိဖက် အဖဖက် နှစ်ဘက်စလုံးတို့မှ ကောင်းသောဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက် တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရ အကဲ့ရဲ့မခံရ။

(၂) ဝေဒကျမ်းလာ ဂါထာတို့ကို ရွတ်ဆိုတတ်၏၊ ဝေဒကျမ်းတို့ကို ဆောင်၏၊ အဘိဓာန် နိဃဏ္ဍုကျမ်း အလင်္ကာကျမ်း ကေဋုဘကျမ်း သဒ္ဒါကျမ်း အက္ခရပ္ပဘေဒကျမ်း ငါးခုမြောက် ဣတိဟာသကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့၏ တဘက်ကမ်းသို့ရောက်၏၊ ပဒကျမ်းကို တတ်၏၊ ဗျာကရုဏ်းကျမ်းကို တတ်၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏

(၃)အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သောအဆင်းသဏ္ဌာန်နှင့်ပြည့်စုံ၏၊ ဗြဟ္မာနှင့်တူသော အဆင်းရှိ၏၊ ဗြဟ္မာနှင့်တူသော ကိုယ်ရှိ၏၊ ခန့်ငြားသော ကိုယ်ခန္ဓာရှိ၏။

(၄) သီလရှိ၏၊ ကြီးပွားသော သီလလည်းရှိ၏၊ ကြီးပွားသော သီလနှင့်လည်း ပြည့်စုံ၏။

(၅) ပညာရှိ၏၊ ထက်မြက်သော ဉာဏ်လည်းရှိ၏၊ ယဇ်ယောက်မကိုင်တို့တွင် ပဌမသော်၄င်း ဒုတိယသော်၄င်း ဖြစ်၏။ (နှာ ၁၂၄/ ၁၂၅၊ ပိုဒ် ၃၁၁)

၇။ သောဏဒဏ္ဍပုဏ္ဏားအိမ်၌ ဆွမ်းဘုဉ်းပေးပြီးသော မြတ်စွာဘုရားအား သောဏဒဏ္ဍပုဏ္ဏားက မိမိ၏ကိုယ်အမူအရာနှင့်စပ်၍ အလေးမြတ်ပြုပုံကို ဘယ်ကဲ့သို့ လျှောက်ထားပါသနည်း ပြည့်စုံစွာရေးသားခဲ့ပါ။

အရှင်ဂေါတမ အကျွန်ုပ်သည် ပရိသတ်ထဲ၌ ရောက်နေသောအခါ လက်အုပ်ချီခြားအံ့၊ အရှင်ဂေါတမသည် အကျွန်ုပ်၏ လက်အုပ်ချီခြင်းကို ထိုင်ရာမှထ၍ ခရီးဦးကြိုဆိုခြင်းဟု မှတ်တော်မူပါ။

အရှင်ဂေါတမ အကျွန်ုပ်သည် ပရိသတ်ထဲ၌ ရောက်နေသောအခါ ဦးရစ်ကို ချွတ်ငြားအံ့၊ အရှင်ဂေါတမသည် အကျွန်ုပ်၏ ထိုဦးရစ်ချွတ်ခြင်းကို ဦးခေါင်းဖြင့် ရှိခိုးခြင်းဟု မှတ်တော်မူပါ။

အရှင်ဂေါတမ အကျွန်ုပ်သည် ယာဉ်ထက်၌ ရောက်နေသောအခါ နှင်တံကိုမြှောက်ငြားအံ့၊ အရှင်ဂေါတမသည် အကျွန်ုပ်၏ ထိုနှင်တံမြှောက်ခြင်းကို ယာဉ်မှဆင်းသက်ခြင်းဟု မှတ်တော်မူပါ။

အရှင်ဂေါတမ အကျွန်ုပ်သည် ယာဉ်ထက်၌ရောက်နေသောအခါ ထီးကို ဖယ်ငြားအံ့၊ အရှင်ဂေါတမ အကျွန်ုပ်၏ ထိုထီးဖယ်ခြင်းကို ဦးခေါင်းဖြင့် ရှိခိုးခြင်းဟု မှတ်တော်မူပါ။

(နှာ ၃၀/၁၃၁ ၊ ပိုဒ် ၃၂၀) (၁၀ မှတ်)

၈။ ပုရောဟိတ်ပုဏ္ဏားသည် မဟာဝိဇိတမင်းအား ယဇ်မပူဇော်မီ ရှေးဦးစွာ သုံးပါးသော စိတ်ထားတို့မဖြစ်စေရန် ညွှန်ကြားပုံတို့ကို ဖြေဆိုခဲ့ပါ။

(၁) ယဇ်ကြီးပူဇော်ရန် ကြံစည်တောင့်တနေသော ကာလ၌ အရှင်မင်းအား "များစွာသော ငါ၏ စည်းစိမ်အစုသည် ကုန်ခန်းလိမ့်တကား"ဟု တစုံတခုသော နှလုံးမသာခြင်းသည် ဖြစ်ရာ၏။ အရှင်မင်းသည် ထိုသို့သော နှလုံးမသာခြင်းကို မဖြစ်စေသင့်၊

(၂) ယဇ်ကြီးပူဇော်ဆဲကာလ၌ အရှင်မင်းအား များစွာသော ငါ၏စည်းစိမ်အစုသည် ကုန်ခန်း၏တကားဟု တစုံတခုသော နှလုံးမသာခြင်းသည်ဖြစ်ရာ၏။ အရှင်မင်းသည် ထိုသို့သော နှလုံးမသာခြင်းကို မဖြစ်စေသင့်၊

(၃) ယဇ်ကြီးပူဇော်ပြီးသော ကာလ၌ အရှင်မင်းအား များစွာသော ငါ၏စည်းစိမ်အစုသည် ကုန်ခန်းလေပြီတကားဟု တစုံတခုသော နှလုံးမသာခြင်းသည်ဖြစ်ရာ၏။ အရှင်မင်းသည် ထိုသို့သော နှလုံးမသာခြင်းကို မဖြစ်စေသင့်၊ (နှာ ၁၄၅ ၊ ပိုဒ် ၃၄၂)

၉။ မြတ်စွာဘုရားရှင် ပေါဋ္ဌပါဒပရိဗ္ဗာဇက-အား မိန့်ကြားတော်မူသော ကေန် (နိဗ္ဗာန် ရောက်ကြောင်း) တရားတို့ကို ဖော်ပြ၍၊ အဘယ့်ကြောင့် ယင်းတရားတို့ကို ကေန် (နိဗ္ဗာန်ရောက်ကြောင်း) တရား-ဟု ဟောတော်မူပါသနည်း။

ပေါဋ္ဌပါဒ ဤကား ဆင်းရဲတည်းဟူသည်ကို ကေန်(နိဗ္ဗာန်ရောက်ကြောင်း) တရားဟု ငါသည် ဟောကြားဖော်ပြ၏၊ ပေါဋ္ဌပါဒ ဤကား ဆင်းရဲဖြစ်ကြောင်းတည်းဟူသည်ကို ကေန် (နိဗ္ဗာန်ရောက်ကြောင်း)တရားဟု ငါသည်ဟောကြားဖော်ပြ၏၊ ပေါဋ္ဌပါဒ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်းဟူသည်ကို ကေန်(နိဗ္ဗာန်)ရောက်ကြောင်းတရားဟု ငါသည် ဟောကြားဖော်ပြ၏၊ ပေါဋ္ဌပါဒ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်းဟူသည်ကို ကေန် (နိဗ္ဗာန်)ရောက်ကြောင်း တရားဟု ငါသည် ဟောကြားဖော်ပြ၏။

ပေါဋ္ဌပါဒ ဤတရားတို့သည် အကျိုးစီးပွားနှင့် စပ်ကုန်၏၊ (လောကုတ္တရာ)တရားနှင့် စပ်ကုန်၏၊ အကျင့်မြတ်၏ အစဖြစ်ကုန်၏၊ ငြီးငွေ့ရန်အလို့ငှာ ဖြစ်ကုန်၏၊ တပ်မက်ခြင်းကင်းရန် အလို့ငှာ ဖြစ်ကုန်၏၊ (ဝဋ္ဋဆင်းရဲ)ချုပ်ရန် အလို့ငှာ ဖြစ်ကုန်၏၊ ကိလေသာငြိမ်းရန် အလို့ငှာ ဖြစ်ကုန်၏၊ ထူးသောဉာဏ်ဖြင့် သိရန် အလို့ငှာ ဖြစ်ကုန်၏၊

သစ္စာလေးပါးကို သိရန် အလို့ငှာ ဖြစ်ကုန်၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ ဖြစ်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ကေန်နိဗ္ဗာန်ရောက်ကြောင်းတရားတို့ဟု ငါသည် ဟောကြား ဖော်ပြပေ၏၊

(နှာ-၁၉၈/၁၉၉) ပိုဒ်-၄၂၄။

၁၀။ ပြာဋိဟာ သုံးပါးကိုရေးသားဖော်ပြပြီးလျှင် နောက်ဆုံးဖြစ်သော ပြာဋိဟာ၏ ပထမဆုံး အဓိပ္ပါယ်ကိုသာ ရေးသားခဲ့ပါ။

(၁) တန်ခိုးပြာဋိဟာ=ဣဒ္ဓိပါဋိဟာရိယ၊ (၂) အတပ်ဟောခြင်း ပြာဋိဟာ=အာဒေသနာ ပါဋိဟာရိယ ၊ (၃) ဆုံးမခြင်း ပြာဋိဟာ=အနုသာသနီပါဋိဟာရိယ။ (နှာ ၂၃၄ ၊ ပိုဒ်၄၈၄)

ဤသာသနာတော်၌ ရဟန်းသည် ဤသို့ဆုံးမ၏၊ ဤသို့ကြံကုန်လော့၊ ဤသို့မကြံကုန်လင့်၊ ဤသို့နှလုံးသွင်းကုန်လော့၊ ဤသို့နှလုံးမသွင်းကုန်လင့် ဤတရားကို ပယ်ကုန်လော့၊ ဤတရားသို့ ရောက်၍ နေကုန်လော့ဟု ဆုံးမ၏ ဤသို့ ဆုံးမခြင်းသည် ဆုံးမခြင်းပြာဋိဟာ မည်၏၊

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၂) ဒီဃနိကာယ**

**သီလက္ခန္ဓဝဂ္ဂပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၄ - ခုနှစ်၊ နယုန်လပြည့်ကျော် ၇ - ရက်၊ (၂၀ - ၆ - ၂၀၂၂)တနင်္လာနေ့

ခွင့်ပြုချိန်။ ။၄ - နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးကို သိသာရုံမျှ ရေတွက်ပြ၍ ၊ အဓိစ္စသမုပ္ပန္န ဒုတိယဝါဒဖြစ်ပေါ်လာခြင်း အကြောင်းကိုလည်း ဖြေဆိုပါ။

၂။ တိတ္ထိဆရာကြီး ၆-ယောက်ကို အယူဝါဒနှင့် တွဲစပ်ဖော်ပြ၍၊ မြတ်စွာဘုရားအလို အမြတ်ဆုံး ရဟန်းအဖြစ်၏ အကျိုး ၄-မျိုးကိုသာ ပြဆိုပါ။

၃။ ဝိဇ္ဇာစရဏကထာ၌ အသိဉာဏ် ဝိဇ္ဇာအရတရား, အကျင့်စရဏအရတရားတို့ကို ဖြေဆို၍၊ ပေါက္ခရသာတိပုဏ္ဏား မမြင်သော မဟာပုရိသလက္ခဏာတော်တို့ကို မြင်အောင် မြတ်စွာဘုရားရှင် စီမံတော်မူပုံကိုလည်း ဖြေဆိုပါ။

၄။ သောဏဒဏ္ဍပုဏ္ဏား၏ (က)ရုပ်အဆင်း (ခ) အခြံအရံ (ဂ) ကြွယ်ဝမှုအစုစုတို့ကို ဖြေဆိုပါ။

၅။ မဟာဝိဇိတမင်းကြီး၏ တိုင်းပြည်၌ ခိုးဆိုးလုနှိုက်များကင်းရှင်း၍ တိုင်းပြည်အေးချမ်းအောင် ပြုစီမံပုံတို့ကို ဖြေဆို၍၊ နိုင်ငံလုံးဆိုင်ရာ အလှူကြီးပေးလှူရာ၌ တိုင်ပင်သင့် တိုင်ပင်ရမည့်သူတို့ကိုလည်း ဖော်ပြပါ။

၆။ ရဟန်းတော်များ မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်, ယင်းရည်ရွယ်ချက်ပြည့်စုံနိုင်မည့် နည်းလမ်းတို့ကို ဖြေဆို၍၊ မုဏ္ဍိယနှင့် ဇာလိယပရိဗိုဇ်တို့ မေးလျှောက်သော အမေးပုစ္ဆာပြဿနာကိုလည်း ဖြေဆိုပါ။

၇။ သီလစောင့်ထိန်းခြင်းနှင့်စပ်၍ ဘေးမတွေ့နိုင်ပုံကို ဥပမာပေး၍ ဖြေဆိုပြီး၊ တိတ္ထိဖြစ်ဖူးသူ ရှင်ရဟန်းပြုလိုသော် ပြုလုပ်ရမည့် အစီအစဉ်ကိုလည်း ဖြေဆိုပါ။

၈။ "သတ္တဝါသေပြီးသည့်နောက် ရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်ပါသလော"ဟူသော ပုစ္ဆာကို မြတ်စွာဘုရားရှင် မဖြေဆိုရခြင်း အကြောင်းကို ရေး၍၊ မြတ်စွာဘုရားရှင် ဖြေကြားသော အရာတို့ကိုလည်း ဖြေဆိုပါ။

၉။ "မဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ ချုပ်ကုန်သနည်း"ဟူသော ရဟန်း၏ အမေးပုစ္ဆာကို ဘုရားရှင်အလိုတော်ကျအောင် ပြင်ဆင်မေးခွန်းထုတ်၍၊ ယင်း၏အဖြေစကားကိုလည်း ရေးပါ။

၁၀။ အရိယာဖြစ်သော မြတ်စွာဘုရား၏ အဆုံးအမသာသနာ၌ အဖုံးအလွှမ်း အပိတ်အပင်တရားတို့ကို ဖြေဆို၍၊ သီလက္ခန်ပါဠိတော်၌ ပါသော ၁၃-သုတ်တွင် အဆုံးငါးသုတ်၏ အမည်တို့ကို အစဉ်တကျ ရေးပါ။

**တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီ**

၁၃၈၄-ခု၊ ၂၀၂၂-ခု
အုပ်စု (၂) သီလက္ခန္ဓဝဂ္ဂပါဠိတော် မြန်မာပြန်
မေးခွန်း နှင့် အဖြေ
--------------------

၁။ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးကို သိသာရုံမျှ ရေတွက်ပြ၍ ၊ အဓိစ္စသမုပ္ပန္န ဒုတိယဝါဒဖြစ်ပေါ်လာခြင်း အကြောင်းကိုလည်း ဖြေဆိုပါ။

၁-အဖြေ

**မိစ္ဆာဒိဋ္ဌိ ၆၂-ပါး** သဿတဒိဋ္ဌိ- ၄၊ ဧကစ္စသဿတဒိဋ္ဌိ- ၄၊ အန္တာနန္တိကဒိဋ္ဌိ-၄၊ အမရာဝိက္ခေပဒိဋ္ဌိ-၄၊ အဓိစ္စသမုပ္ပန္နဒိဋ္ဌိ- ၂၊ သညီဒိဋ္ဌိ- ၁၆၊ အသညီဒိဋ္ဌိ- ၈၊ နေဝသညာနာသညီဒိဋ္ဌိ- ၈၊ ဥစ္ဆေဒဒိဋ္ဌိ-၇၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ- ၅၊ ပေါင်း ၆၂ပါး။

**(တနည်း)** ပုဗ္ဗန္တာနုဒိဋ္ဌိ- ၁၈၊ အပရန္တာနုဒိဋ္ဌိ -၄၄၊ ပေါင်း ၆၂ပါး။ (၅-မှတ်။)

**မှတ်ချက်။** ။ တစ်နည်းနည်းမှန်လျှင် အမှတ်ပြည့်ပေးပါ။

<u>အဓိစ္စသမုပ္ပန္နဒုတိယဝါဒဖြစ်ပေါ်လာခြင်း အကြောင်း-</u>

ရဟန်းတို့ ဤလောက၌ အချို့သော သမဏဗြဟ္မဏသည် ကြံစည်လေ့ရှိ၏၊ စူးစမ်းလေ့ရှိ၏၊ ထိုသူသည် အမျိုးမျိုးကြံစည်၍ စူးစမ်းဆင်ခြင်၍ မိမိထင်မြင်ချက်ကို "အတ္တသည်၎င်း လောကသည်၎င်း အကြောင်းမဲ့ဖြစ်၏ "ဟု ဤသို့ဆို၏။ ဤကား ဒုတိယအကြောင်းတည်း။ (၅-မှတ်) (မြန်၊၂၉။ ပါ၊၂၇။)

၂။ တိတ္ထိဆရာကြီး ၆-ယောက်ကို အယူဝါဒနှင့် တွဲစပ်ဖော်ပြ၍၊ မြတ်စွာဘုရားအလို အမြတ်ဆုံး ရဟန်းအဖြစ်၏ အကျိုး ၄-မျိုးကိုသာ ပြဆိုပါ။

၂-အဖြေ

<u>ရဟန်းအဖြစ်၏ အကျိုးကို တိတ္ထိဆရာကြီး ၆-ယောက်၏ ဝါဒ</u>

ပူရဏကဿပ= ကံမဲ့ဝါဒ (အကိရိယဝါဒ)

မက္ခလိဂေါသာလ= သံသရာမှစင်ကြယ်ခြင်း (သံသာရသုဒ္ဓိ)

အဇိတကေသကမ္ဗလ= ပြတ်ဆဲဝါဒ (ဥစ္ဆေဒဝါဒ)

ပကုဓကစ္စာယန= အကြောင်းတရားတပါးဖြင့် အကြောင်းတရားတပါး (အညေန အညံ)

နိဂဏ္ဌနာဋပုတ္တ= လေးမျိုးသော စောင့်စည်းခြင်း (စတုယာမသံဝရ)

သဉ္စယဗေလဋ္ဌပုတ္တ= ပစ်လွှင့်သောဝါဒ (ဝိက္ခေပ) (၆-မှတ်)

<u>မြတ်စွာဘုရားအလို အမြတ်ဆုံး ရဟန်းအဖြစ်၏ အကျိုး ၄-မျိုး</u>

စေတောပရိယဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ စုတူပပါတဉာဏ်၊ အာသဝက္ခယဉာဏ်။ (၄-မှတ်) (မြန်၊ ၅၅-မှ ၈၈။ ပါ၊၄၉-မှ ၇၉။)

၃။ ဝိဇ္ဇာစရဏကထာ၌ အသိဉာဏ် ဝိဇ္ဇာအရတရား အကျင့် စရဏအရတရားတို့ကို ဖြေဆို၍၊ ပေါက္ခရသာ တိပုဏ္ဏား မမြင်သော မဟာပုရိသလက္ခဏာတော်တို့ကို မြင်အောင် မြတ်စွာဘုရားရှင် စီမံတော်မူပုံကို လည်း ဖြေဆိုပါ။

အဖြေ။ **ဝိဇ္ဇာအရတရား=** ဝိဇ္ဇာဉာဏ် ၈-ပါး။

**စရဏအရတရား=** စျာန် ၄-ပါး၊ (၅-မှတ်) (မြန်၊၁၀၅။ ပါ၊၉၄။)

**မဟာပုရိသလက္ခဏာတော်တို့ကို မြင်အောင် မြတ်စွာဘုရားရှင် စီမံတော်မူပုံ**

မြတ်စွာဘုရားသည် အအိမ်ဖြင့် ဖုံးထားအပ်သော ပုရိသနိမိတ်ကို ပေါက္ခရသာတိပုဏ္ဏား မြင်နိုင်ရန် တန်ခိုးဖန်ဆင်းတော်မူသည်၊ ထိုနောက် မြတ်စွာဘုရားသည် လျှာတော်ကိုထုတ်၍ နားတွင်းနှစ်ဖက်ကိုလည်း အပြန်အလှန်သုံးသပ်တော်မူ၏၊ နှာခေါင်းပေါက်နှစ်ခုကိုလည်း အပြန်အလှန်သုံးသပ်တော်မူ၏၊ အလုံးစုံသော နဖူးပြင်ကိုလည်း လျှာဖြင့် ဖုံးအုပ်တော်မူ၏။ (၅-မှတ်) (မြန်၊၁၁၃။ ပါ၊၁၀၂။)

၄။ သောဏဒဏ္ဍပုဏ္ဏား၏ (က)ရုပ်အဆင်း (ခ) အခြံအရံ (ဂ) ကြွယ်ဝမှုအစုစုတို့ကို ဖြေဆိုပါ။

အဖြေ (က) အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သောအဆင်းသဏ္ဌာန်နှင့်ပြည့်စုံ၏၊ ဗြဟ္မာနှင့် တူသောအဆင်းရှိ၏၊ ဗြဟ္မာနှင့်တူသော ကိုယ်ခန္ဓာရှိ၏၊ ခန့်ညားသော ကိုယ်ခန္ဓာရှိ၏။ (၃-မှတ်)

(ခ) သောဏဒဏ္ဍပုဏ္ဏားသည် များစွာသော သူတို့၏ ဆရာဖြစ်၏၊ ဆရာ့ဆရာဖြစ်၏၊ လုလင်သုံးရာတို့အား ဝေဒကျမ်းပို့ချ၏၊ အထူးထူးသောအရပ် အထူးထူးသောဇနပုဒ်တို့မှ များစွာသောလုလင်တို့သည် သောဏဒဏ္ဍ ပုဏ္ဏားအထံ၌ ဝေဒကျမ်းတို့ကို အလိုရှိကုန်သည်ဖြစ်၍ ဝေဒကျမ်းတို့ကို သင်လိုကုန်သည်ဖြစ်၍ လာကြကုန်၏။ (၄-မှတ်)

(ဂ) လူစည်ကား၍ ကျွဲနွားစသည်ပေါများသော မြတ်သောထင်းရေတို့နှင့်ပြည့်စုံသော ဆန်စပါးနှင့်ပြည့်စုံ သော မင်းမှရသည့်စည်းစိမ်ဖြစ်သော ဗိမ္ဗိသာရမင်းသည် ဆုလာဘ်အရဖြစ်ဖြင့် အပိုင်စားပေးထားသော စမ္ပာမြို့ ကို အုပ်ချုပ်၍နေ၏။ (၃-မှတ်) (မြန်၊၁၁၈။ ပါ၊၁၀၆-၇။)

၅။ မဟာဝိဇိတမင်းကြီး၏ တိုင်းပြည်၌ ခိုးဆိုးလုနှိုက်များကင်းရှင်း၍ တိုင်းပြည်အေးချမ်းအောင် ပြုစီမံပုံတို့ ကို ဖြေဆို၍၊ နိုင်ငံလုံးဆိုင်ရာ အလှူကြီးပေးလှူရာ၌ တိုင်ပင်သင့် တိုင်ပင်ရမည့်သူတို့ကိုလည်း ဖော်ပြပါ။

အဖြေ။ <u>တိုင်းပြည်၌ ခိုးဆိုးလုနှိုက်များကင်းရှင်း၍ တိုင်းပြည်အေးချမ်းအောင် ပြုစီမံပုံ</u>

မိမိနိုင်ငံ၌ လယ်ယာလုပ်မှု နွားမွေးမှုတို့ကို အားထုတ်သူတို့အား မျိုးရိက္ခာထောက်ပန့်ပေးကမ်း၏၊ ကုန်သွယ်မှုကို အားထုတ်ကုန်သောသူတို့အား အရင်းအနှီးကို ထောက်ပန့်ပေးကမ်း၏၊ မင်းမှုထမ်းအလုပ်တို့ကို အားထုတ်ကုန်သောသူတို့အား လခရိက္ခာပြည့်စုံအောင် စီမံပေး၏။ (၅-မှတ်) (မြန်၊၁၄၂။ ပါ၊၁၂၈။)

<u>နိုင်ငံလုံးဆိုင်ရာအလှူကြီး ပေးလှူရာ၌ တိုင်ပင်သင့် တိုင်ပင်ရမည့်သူများ</u>

နိဂုံးဇနပုဒ်နေ အရံမင်းများ၊ နိဂုံးဇနပုဒ်နေ အမတ်မင်း မင်းမှုထမ်းများ၊ နိဂုံးဇနပုဒ်နေ ပုဏ္ဏားသူဌေးများ၊ နိဂုံးဇနပုဒ်နေ ဥစ္စာအစုအပုံရှိသော သူကြွယ်များ။ (၅-မှတ်) (မြန်၊၁၄၇။ ပါ၊၁၃၂။)

၆။ ရဟန်းတော်များ မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်, ယင်း ရည်ရွယ်ချက်ပြည့်စုံနိုင်မည့် နည်းလမ်းတို့ကို ဖြေဆို၍၊ မုဏ္ဍိယနှင့် ဇာလိယပရိဗိုဇ်တို့ မေးလျှောက် သော အမေးပုစ္ဆာပြဿနာကိုလည်း ဖြေဆိုပါ။

အဖြေ။ <u>မြတ်သောအကျင့်ကို ကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်</u>

သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်လိုခြင်း။ (၃-မှတ်)

<u>ယင်းရည်ရွယ်ချက်ပြည့်စုံနိုင်မည့် နည်းလမ်း</u>

အင်္ဂါရှစ်ပါးရှိသော အရိယမဂ်။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ။ (၃-မှတ်) (မြန်၊၁၆၅။ ပါ၊၁၄၈။)

<u>မုဏ္ဍိယနှင့် ဇာလိယပရိဗိုဇ်တို့ မေးလျှောက်သော အမေးပုစ္ဆာပြဿနာ</u>

ရဟန်းဂေါတမ အသို့နည်း ထိုကိုယ်သည်ပင် အသက်, ထိုအသက်သည်ပင် ကိုယ်လော၊ သို့မဟုတ် အသက်သည် တခြား ကိုယ်သည်တခြားလော။ (၄-မှတ်) (မြန်၊၁၆၆။ ပါ၊၁၄၉။)

၇။ သီလစောင့်ထိန်းခြင်းနှင့်စပ်၍ ဘေးမတွေ့နိုင်ပုံကို ဥပမာပေး၍ ဖြေဆိုပြီး၊ တိတ္ထိဖြစ်ဖူးသူ ရှင်ရဟန်းပြု လိုသော် ပြုလုပ်ရမည့် အစီအစဉ်ကိုလည်း ဖြေဆိုပါ။

အဖြေ။ <u>သီလစောင့်ထိမ်းခြင်းနှင်စပ်၍ ဘေးမတွေ့နိုင်ပုံ</u>

ကဿပ အဘိသိတ်သွန်းပြီးသော ရန်သူတို့ကို နှိမ်နင်းပြီးသော မင်းသည် ရန်သူနှင့်စပ်၍ မည့်သည့်အကြောင်း ကြောင့်မျှ ဘေးကို မတွေ့မြင်ရသကဲ့သို့ ဤအတူ သီလနှင့်ပြည့်စုံသော ရဟန်းသည် သီလစောင့်ထိမ်းခြင်းနှင့်စပ် ၍ မည်သည့်အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရ၊ ထိုရဟန်းသည် ဤမြတ်သော သီလနှင့်ပြည့်စုံသည်ဖြစ် ၍ မိမိသန္တာန်၌ အပြစ်ကင်းသောချမ်းသာကို ခံစားရ၏။ (၅-မှတ်) (မြန်၊၁၈၂။ ပါ၊၁၆၃။)

<u>တိတ္ထိဖြစ်ဖူးသူ ရှင်ရဟန်းပြုလိုသော် ပြုလုပ်ရမည့် အစီအစဉ်</u>

တိတ္ထိဖြစ်ဖူးသူသည် ဤသာသနာတော်၌ ရှင်ရဟန်းအဖြစ်ကို ရလိုမူ လေးလအစမ်းကျင့်သုံးရမည်၊ လေးလလွန် သောအခါ ရဟန်းတို့ စိတ်ကျေနပ်ကြလျှင် ရှင်ပြုပေးရမည်။ (၅-မှတ်) (မြန်၊၁၈၅။ ပါ၊၁၆၅။)

၈။ "သတ္တဝါသေပြီးသည့်နောက် ရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်ပါသလော"ဟူသော ပုစ္ဆာကို မြတ်စွာဘုရားရှင် မဖြေဆိုရခြင်း အကြောင်းကို ရေး၍၊ မြတ်စွာဘုရားရှင် ဖြေကြားသော အရာတို့ကို လည်း ဖြေဆိုပါ။

အဖြေ။ <u>မဖြေဆိုရခြင်းအကြောင်း</u>

ဤအရာအစုသည် အကျိုးစီးပွားနှင့် မစပ်၊ လောကုတ္တရာတရားနှင့် မစပ်၊ အကျင့်မြတ်၏ အစမျှ ပင် မဟုတ်၊ ငြီးငွေ့ရန်အလို့ငှါ မဖြစ်၊ တပ်မက်ခြင်းကင်းရန် အလို့ငှါ မဖြစ်၊ ဝဋ်ဆင်းရဲ ချုပ်ရန်အလို့ငှါ မဖြစ်၊ ကိလေသာငြိမ်းရန် အလို့ငှါ မဖြစ်၊ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါ မဖြစ်၊ သစ္စာလေးပါးကို သိရန်အလို့ငှါ မဖြစ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှါ မဖြစ်၊ ထို့ကြောင့် ထိုအရာအစုကို ငါမဖြေ။ (၅-မှတ်) (မြန်၊၁၉၅။ ပါ၊၁၇၄။)

<u>မြတ်စွာဘုရားရှင် ဖြေကြားသောအရာ</u>

ပေါဋ္ဌပါဒ ဤကား ဆင်းရဲတည်းဟု ငါဖြေကြား၏၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းတည်းဟု ငါဖြေကြား၏၊ ဤကား ဆင်းရဲချုပ်ရာနိဗ္ဗာန်တည်းဟု ငါဖြေကြား၏၊ ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက် ကြောင်းတည်းဟု ငါဖြေကြား၏။ (၅-မှတ်) (မြန်၊၁၉၆။ ပါ၊၁၇၄။)

၉။ "မဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ ချုပ်ကုန်သနည်း"ဟူသော ရဟန်း၏ အမေးပုစ္ဆာကို ဘုရားရှင်အလိုတော်ကျအောင် ပြင်ဆင်မေးခွန်းထုတ်၍၊ ယင်း၏အဖြေစကားကိုလည်း ရေးပါ။

အဖြေ။

**မေးခွန်း-** အဘယ်အရပ်၌ ရေ မြေ မီး လေဟူသော မဟာဘုတ်လေးပါးတို့ မတည်ပါသနည်း၊ အဘယ်အရပ်၌ အရှည် အတို အငယ် အကြီး အကောင်း အဆိုး မရှိပါသနည်း၊ အဘယ်အရပ်၌ နာမ်ရုပ်သည် အကြွင်းမဲ့ ချုပ်ပါသနည်း။ (၅-မှတ်)

**အဖြေ-** မျက်စိဖြင့် မမြင်ကောင်းသော, ဥပါဒ် ဌီ ဘင်အပိုင်းအခြားမရှိသော ထက်ဝန်းကျင် ဆိပ်ကမ်းရှိသော ဉာဏ်အထူးဖြင့် သိအပ်သော နိဗ္ဗာန်သည်ရှိ၏၊ ဤနိဗ္ဗာန်၌ ရေ မြေ မီး လေသည် မတည်၊ ဤနိဗ္ဗာန်၌ အရှည်အတို အငယ် အကြီး အကောင်း အဆိုး မရှိ၊ ဤနိဗ္ဗာန်၌ နာမ်နှင့်ရုပ်သည် အကြွင်းမဲ့ချုပ်၏၊ ဤနိဗ္ဗာန်၌ ဝိညာဉ်၏ ချုပ်ခြင်းကြောင့် နာမ်ရုပ်သည် ချုပ်၏။ (၅-မှတ်) (မြန်၊၂၄၁။ ပါ၊၂၁၃။)

၁၀။ အရိယာဖြစ်သော မြတ်စွာဘုရား၏ အဆုံးအမသာသနာ၌ အဖုံးအလွှမ်း အပိတ်အပင်တရားတို့ကို ဖြေဆို၍၊ သီလက္ခန်ပါဠိတော်၌ ပါသော ၁၃-သုတ်တွင် အဆုံးငါးသုတ်၏ အမည်တို့ကို အစဉ်တကျ ရေးပါ။

၁၀-အဖြေ

<u>အဖုံးအလွှမ်း အပိတ်အပင်တရား</u>

ကာမဂုဏ်၌ လိုချင်မှုအပိတ်အပင် ကာမစ္ဆန္ဒနီဝရဏ၊ ပျက်စီးစေလိုမှု အပိတ်အပင် ဗျာပါဒနီဝရဏ၊ လေးလံထိုင်းမှိုင်းမှုအပိတ်အပင် ထိနမိဒ္ဓနီဝရဏ၊ နောင်တတဖန်ပူပန်မှု အပိတ်အပင် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ယုံမှားမှုအပိတ်အပင် ဝိစိကိစ္ဆာနီဝရဏ။ (၅-မှတ်) (မြန်၊၂၆၃။ ပါ၊၂၃၁။)

<u>အဆုံးငါးသုတ်၏ အမည်များ</u>

ပေါဋ္ဌပါဒသုတ်၊ သုဘသုတ်၊ ကေဝဋ္ဋသုတ်၊ လောဟိစ္စသုတ်၊ တေဝိဇ္ဇသုတ်။ (၅-မှတ်) (မြန်၊၂၆၈။)

အာဏာရှင်စနစ်သည်

အာဏာရှင်အသစ် အသစ်ကလေးများကို

ပေါက်ဖွားလာစေသည့် သဘောရှိ၏။

S.L.V.S